# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၈) ရက်မြောက်နေ့ မှတ်တမ်း

၂၀၁၅



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း | ၅ |
| ၇ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း | ၁၀ |
| ၈ | ဆားလင်းကြီးမြို့နယ်၊ ဘုတ်စုကွင်း၊ အမှတ်(၃)ကွင်း၊ ပေါင်းဝ၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုး စုစုပေါင်း (၁၄)ကွင်းတွင် စိုက်ပျိုးရေး လုပ်ကိုင်နေသော တောင်သူ(၁၄၁) ဦး၏ ယာမြေများအား သစ်တောမြေ ကင်းလွတ်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၉ | လှိုင်ကော်မြို့နယ်၊ ဘုရားဖြူကျေးရွာမှ မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ (၁၉) အထိ အရှည် ၂၂၀၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အထု ၁၂ လက်မရှိ လယ်ယာကုန် ထုတ်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | ဝိုင်းမော်မြို့နယ်တွင်ရှိသော ဝါရှောင်ရေလွှဲဆည်ကို အကြီးစားပြုပြင် တည်ဆောက်ပေးရန်နှင့် မြေသားတူးမြောင်းမကြီးအား ဆည်မြောင်းပုံစံကျ ကွန်ကရစ်အုတ်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |

၁၁ ကျွန်းစုမြို့နယ်၊ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ စာသင်ကျောင်းများ သို့သွားရာ တံတားနှင့် စာသင်ကျောင်းတို့ကို ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၅

၁၂ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့ပေါ် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး အစီအမံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၈

၁၃ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့် နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန် ကျေးရွာအုပ်စုနှင့် သာယာကျေးရွာတွင် ရွာချင်းဆက် မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၀

၁၄ ဗန်းမောက်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံဆောင်ရွက်နေသော စာခမ်း-ဟော်ယောလမ်း ကျောက်ချောလမ်းခင်းခြင်း ငါးမိုင်အား ပြီးစီးအောင်ဆောင်ရွက်ခြင်း မရှိသည့်အတွက် အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၄

၁၅ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း ၃၉

၁၆ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၄၁

၁၇ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့်မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက် စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၅၆

၁၈ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၇၈

၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၈၃
(၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်
မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၂-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန် ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြား တင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ်၊ ဘုတ်စုကွင်း၊ အမှတ် (၃) ကွင်း၊ ပေါင်း၀၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုး စုစုပေါင်း (၁၄) ကွင်းတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူ (၁၄၁)ဦး၏ ယာမြေများအား သစ်တောမြေကြေင်းလွတ်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **လှိုင်ကော်မြို့နယ်၊ ဘုရားဖြူကျေးရွာမှ မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ (၁၉) အထိ အရှည် ၂၂၀၀၀ ပေ၊ အကျယ်=၁၂ ပေ၊ အထု=၁၂ လက်မရှိ လယ်ယာ ကုန်ထုတ် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်တွင်ရှိသော ဝါရှောင်ရေလွှဲဆည်ကို အကြီးစားပြုပြင်တည်ဆောက်ပေးရန်နှင့် မြေသားတူးမြောင်းမကြီးအား ဆည်မြောင်းပုံစံကျ ကွန်ကရစ် အုတ်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ စာသင်ကျောင်းသို့သွားရာ တံတားနှင့် စာသင်ကျောင်းတို့ကို ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့ပေါ် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး အစီအမံအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့နယ်၊ မယ်ဆည်နန် ကျေးရွာအုပ်စုနှင့် နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန် ကျေးရွာနှင့် သာယာကျေးရွာတွင် ရွာချင်းဆက်မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံဆောင်ရွက်နေသော စာခမ်း– ယော်ယောလမ်း ကျောက်ချောလမ်းခင်းခြင်း (၅) မိုင်အား ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက **“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၁၁။ **“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ် တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ခ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၊

(ဂ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၊

(င) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၊

(စ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဆ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

(ဇ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ဈ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**(၁၈)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**
**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၂) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၃ ရက်၊

(၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်ဆန်း ခွင့် ၁ ရက်၊

(၆) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၈) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၉) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁၀ ရက်၊

(၁၀) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၁၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၂) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၁၃) မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ခွင့် ၁ ရက်၊

(၁၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၁ ရက်၊

(၁၇) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်နှင့်

(၁၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါက်တာဦးဝင်းအောင်၊ ခင်ဦးမဲဆန္ဒနယ်အား စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက်မဲဆန္ဒနယ်အားလည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင်မဲဆန္ဒနယ်တို့အား သီးခြားတာဝန်ပေးအပ်ရန်ရှိပါသဖြင့် ၎င်းတို့အား ကော်မတီအဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကြွရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုကောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ယခုဖွဲ့စည်းမယ့် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို ဖတ်ကြားတင်ပြပါမယ်ခင်ဗျား။

**ကော်မတီ၏အဆင့်အတန်း**

၁။ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မနှင့် ပုဒ်မ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်း၊ တာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြီးမြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

ကော်မတီသည်-

(က) အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ခ) အမျိုးသမီးများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်အသီးသီးတို့တွင် အခွင့်အရေး တန်းတူရည်တူရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဂ) ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(ဃ) အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုများအား တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်စေခိုင်းခြင်း၊ စစ်မှုထမ်းဆောင်စေခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းရောင်းဝယ်မှုများကို ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးတို့ကို ဆောင်ရွက်ပေးရမည်။

(ဆ) ကျေးလက်နေပြည်သူများအား လူကုန်ကူးမှုနှင့် သက်ဆိုင်သော အသိပညာပေးခြင်းများကို ဆောင်ရွက်ရမည်။

(ဇ) အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ နည်းပညာနှင့် အခြားလိုအပ်သော အကူအညီများ ထောက်ပံ့ကူညီခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရမည်။

(ဈ) သဘာဝဘေးအန္တရာယ်၊ စစ်မဲ့အန္တရာယ်နှင့် အခြားအကြောင်းတစ်စုံတစ်ရာကြောင့် ဘေးဒုက္ခရောက်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကူညီစောင့်ရှောက်ရမည်။

(ည) သက်ကြီးရွယ်အိုအမျိုးသမီးများနှင့် ရင်ခွင်မဲ့ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

(ဋ) စိတ်ပိုင်းဆိုင်ရာမကျန်းမာခြင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်းသော အမျိုးသမီးများ၊ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရေးနှင့် ၎င်းတို့ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

(ဌ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးတို့ကိုမြှင့်တင်ရန်၊ ကာကွယ်စောင့်ရှောက်ရန်တို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဍ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာအမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာပြဋ္ဌာန်းချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို လေ့လာသုံးသပ်ပြီး လွှတ်တော်သို့တင်ပြရမည်။

(ဎ) အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်လိုအပ်သည်ဟု တွေ့ရှိပါက လွှတ်တော်သို့တင်ပြရမည်။

(ဏ) အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာကိစ္စရပ်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများကိုလည်းကောင်း၊ ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သောအထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။

ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည် -

(က) အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။

(ခ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ၊ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလိုအရေးယူဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည်

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေး**

၁၀။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊

ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည်

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များ ကတော့-

| | | |
|---|---|---|
| (၁) | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည်မဲဆန္ဒနယ် |
| (၂) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် |
| (၃) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံမဲဆန္ဒနယ် |
| (၄) | ဒေါ်ဝင့်ဝါထွန်း | ရှားတောမဲဆန္ဒနယ် |

(၅) ဒေါ်နီရွှေလျှန်း ထန်တလန်မဲဆန္ဒနယ်

(၆) ဒေါက်တာဒေါ်အေဇင်လတ် ရွှေဘိုမဲဆန္ဒနယ်

(၇) ဒေါ်ခင်စန္ဒီ လောင်းလုံးမဲဆန္ဒနယ်

(၈) ဒေါ်မိကွန်ချမ်း ပေါင်မဲဆန္ဒနယ်

(၉) ဒေါ်ယဉ်မင်းလှိုင် ဂန့်ဂေါမဲဆန္ဒနယ်

(၁၀) ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒနယ်

(၁၁) ဒေါ်နန်းခင်စော ကွန်ဟိန်းမဲဆန္ဒနယ်

(၁၂) ဒေါ်ခင်စောဝေ ရသေ့တောင်မဲဆန္ဒနယ်

(၁၃) ဒေါက်တာဒေါ်ရွှေပုံ ပဲခူးမဲဆန္ဒနယ်

(၁၄) ဒေါက်တာဒေါ်ကြည်မို့မို့လွင် စဉ့်ကိုင်မဲဆန္ဒနယ်နှင့်

(၁၅) ဗိုလ်မှူးကြီးမြင့်ချို တပ်မတော်သားကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်နှင့် အတွင်းရေးမှူးအဖြစ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင်မဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆားလင်းကြီးမြို့နယ်၊ ဘုတ်စုကွင်း၊ အမှတ်(၃)ကွင်း၊ ပေါင်း၀၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုး စုစုပေါင်း (၁၄)ကွင်းတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူ(၁၄၁)ဦး၏ ယာမြေများအား သစ်တောမြေ ကင်းလွတ်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်မှ ဘုတ်စုကွင်း၊ အမှတ်(၃)ကွင်း၊ ပေါင်း၀၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုးစတဲ့ ကွင်းပေါင်း ၁၄ ကွင်းမှာ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူ ၁၄၁ ဦး၏ ယာမြေများအား သစ်တောမြေကင်းလွတ်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် ကင်းလွတ်ခွင့်ပြုပေးပါက ပုံစံ(၇)ထုတ်ပေးခြင်း အစီအစဉ်ရှိ/မရှိအား သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးအကြောင်းဖော်ပြရန်အတွက် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ဘုတ်စုကွင်းဖြစ်ပါတယ်။ ဒါကတော့ ဆားခါးကွင်းဖြစ်ပါတယ်။ ဒါကတော့ အမှတ်(၃)ကွင်း ဖြစ်ပါတယ်။ ဒါကတော့ ရုံးပင်ရိုးကွင်းဖြစ်ပါတယ်။ ဒီကွင်းတွေဟာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှာတည်ရှိပြီး ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းကတော့ အနောက်မြောက်တိုင်းမြို့တော်ဖြစ်တဲ့ မုံရွာမြို့ကြီးဖြစ်ပါတယ်။ ရေကြည်ရာ၊ မြက်နုရာ ရှာဖွေရင်း ဒီကွင်းတွေမှာ ကုလားပဲ၊ မြေပဲ၊ ပဲစင်းငုံ၊ ဂျုံ၊ ပြောင်း၊ နှမ်းစသည်တို့ စိုက်ပျိုးကြပါတယ်။ နှစ်ပေါင်းများစွာက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးမြေများဖြစ်အောင် ဘေး၊ ဘိုး၊ ဘီ၊ ဘင်အဆက်ဆက် မည်သည့်လက်နက်၊ မည်သည့်စက်ယန္တရားမျှမပါဘဲ ခဲယဉ်းစွာ ရှင်းလင်းဖော်ထုတ်ခဲ့ကြတဲ့ စိုက်ပျိုးမြေတွေ ဖြစ်ပါတယ်။ တချို့သောပြောင်းပင်များဟာဆိုရင် နွားစာအဖြစ် အသုံးချပြီးတော့ တခြားပြောင်းမျိုး ဖြစ်တဲ့ ပြောင်းလက်ကောက်၊ နှံစားပြောင်း၊ လူး၊ ဆပ်(Millets)စသဖြင့်တွေဟာ ဆန်ရှားပါးမှုကြောင့် ဆန်အစားထိုးပြီးတော့ လူတို့ချက်စားကြရတဲ့အခြေအနေလည်း ဆားလင်းကြီးမြို့နယ်မှာ ရှိပါတယ်။ ဒီလိုနယ်မြေမှာ ဒီလိုအခြေခံလူတန်းစားတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ကျပ်တည်းဆင်းရဲနေသော်လည်း ဌာနဆိုင်ရာမှ ၁-၄-၂၀၀၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၀၆)နဲ့ ဧရိယာအကျယ်အဝန်းမြေဧက ၅၆၀၀ ကို ဆားလင်းဆားခါးကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာတာနဲ့ကြုံရပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာအနေဖြင့် လုပ်ပိုင်ခွင့်ရှိတာမှန်သော်လည်းပဲ ဒေသခံပြည်သူများကို စာနာနားလည်ပေးနိုင်ပါက နားလည်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ စောစောက Power Point

မှာတွေ့ရတဲ့အတိုင်း အဆိုပါ ဆားလင်းကွင်းတွင် ဌာနဆိုင်ရာမှ မည်သည့်စီမံကိန်းမျှ စိုက်ပျိုးခြင်းများ မတွေ့ရပါ။ သစ်တောအသစ်တစ်ဖန်ပြန်လည်ထူထောင်ခြင်းလည်းမရှိပါ။ ဌာနဆိုင်ရာအနေဖြင့် သစ်တောများ တိုးချဲ့ခြင်းလုပ်ငန်းများကို လူသူအရောက်ပေါက်မရှိသော၊ နယ်မြေစိုးမိုးမှုနည်းပါးသော နယ်စပ်ဒေသများမှာ သတ်မှတ်ဆောင်ရွက်ပါက မိမိနိုင်ငံလည်း ခြံစည်းရိုးလုံခြုံမှုပါရရှိပြီး သယံဇာတ ဆုံးရှုံးမှုများပါ လျော့နည်းပပျောက်စေနိုင်ပါတယ်။ သို့ပါ၍ ဆားလင်းကြီးမြို့နယ်မှ ဘုတ်စုကွင်း၊ အမှတ်(၃)ကွင်း၊ ပေါင်း၀၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုးစတဲ့ ကွင်းပေါင်း ၁၄ ကွင်းမှာ စိုက်ပျိုးရေး လုပ်ကိုင်နေကြတဲ့တောင်သူ ၁၄၁ ဦးရဲ့ယာမြေများကို သစ်တောမြေကင်းလွတ်ခွင့်ပေးနိုင်ခြင်းရှိ/မရှိ နှင့် ကင်းလွတ်ခွင့်ပေးပါက ပုံစံ(၇)ထုတ်ပေးခြင်းအစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်ရဲ့မေးခွန်း နဲ့စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ဖြေကြားချက်နှင့် အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော်ဦးလှကျော်မှ ပေါင်းစပ်ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းဟာ ဆားခါးကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်နေတဲ့ယာမြေတွေကို လယ်ယာမြေလုပ်ကိုင်ခွင့်ပြုပုံစံရရှိရေးကိစ္စနှင့် စပ်လျဉ်းပြီး မေးမြန်းထားမှုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းပါ ဆားခါး ကြိုးပြင်ကာကွယ်တောထဲမှာရှိတဲ့ ဆားလင်းကွင်းအတွင်း စိုက်ပျိုးလုပ်ကိုင်နေတဲ့တောင်သူ ၁၄၁ ဦးရဲ့ ယာမြေများနှင့်ပတ်သက်တဲ့အခြေအနေကို စိစစ်ဖြေကြားထားမှုရှိပါတယ်။ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၂၂/၂၀၁၆)နှင့် ဆားလင်းဆားခါးကြိုးပြင်ကာကွယ်တောဧက ၅၆၀၀ ဖွဲ့စည်းခဲ့

စဉ်က တည်ရှိနေတဲ့ ဆားခါး၊ ပေါင်း၀၊ ရုံးပင်ရိုး၊ ဘုတ်စုကျေးရွာနှင့် အမှတ်(၃)ရပ်ကွက်တို့မှ စုစုပေါင်း တောင်သူ ၃၂၀ တို့ရဲ့ယာမြေ ၂၅၁၂.၅၂ ဧကကို ဆိုင်ရာဆိုင်ခွင့်များဖြင့် ဆက်လက်လုပ်ကိုင်ခွင့် ခွင့်ပြု ပေးခဲ့ပြီးဖြစ်ကြောင်း ဖြေကြားထားပါတယ်။ သယံဇာတနှင့်သဘာ၀ပတ်၀န်းကျင်ထိန်းသိမ်းရေး၀န်ကြီး ဌာနအနေနဲ့ ၂၀၁၃ ခုနှစ်မှာလည်းပဲ ကြိုးဝိုင်းကျူးကျော်စာရင်းများကောက်ယူခဲ့ပါတယ်။ ဆားခါး၊ ပေါင်း၀၊ ရုံးပင်ရိုး၊ ဘုတ်စုကျေးရွာနှင့် အမှတ်(၃)ရပ်ကွက် စုစုပေါင်းကျေးရွာရပ်ကွက် ၁၂ ခုက ကြိုးဝိုင်းကျူးကျော် ၄၄၃ ဦးရဲ့ကျူးကျော်မြေ၊ ယာမြေ ၃၁၈၈.၅၉ ဧကကို စာရင်းကောက်ယူရရှိခဲ့ပြီး ဆိုင်ရာဆိုင်ခွင့်ရရှိခဲ့တဲ့ တောင်သူတွေအနေနဲ့ ၎င်းတို့ကို ခွင့်ပြုခဲ့တဲ့ ဆိုင်ရာဆိုင်ခွင့်အခွင့်အရေးတွေကို ချိုးဖောက်ပြီး ထပ်မံကျူးကျော်လုပ်ကိုင်ခြင်း၊ လက်လွှဲရောင်းချခြင်းများ ပြုလုပ်ခဲ့တာကို စစ်ဆေး တွေ့ရှိခဲ့ရကြောင်း ဖြေကြားထားမှုရှိပါတယ်။

ဒါ့အပြင် ဆားလင်းဆားခါးကြိုးပြင်ကာကွယ်တောအတွင်း မူလက ဆိုင်ရာဆိုင်ခွင့်အဖြစ် ပေးအပ်ခဲ့တဲ့တောင်သူတွေအပြင် တောင်သူ ၁၂၃ ဦး၊ ယာမြေ ၆၆၇.၀၇ ဧက ထပ်မံတိုးချဲ့ပြီး ၀င်ရောက် လုပ်ကိုင်ခဲ့ကြောင်းလည်းပဲ စစ်ဆေးတွေ့ရှိရမှုကို ဖြေကြားထားပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူရရှိမှုအပေါ်မှာ ကြိုးကျူးရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင် မြေတွေကို သစ်တောမြေအဖြစ်မှပယ်ဖျက်ခွင့်ပြုပြီး ယာမြေတွေကိုတော့ သီးနှံသစ်တောရောနှော စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှုကို လမ်းညွှန်ချက်အရ ဆားလင်းဆားခါး ကြိုးပြင်ကာကွယ်တောမှ ယာမြေများမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်သွားရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သယံဇာတနှင့် သဘာ၀ ပတ်၀န်းကျင်ထိန်းသိမ်းရေး၀န်ကြီးဌာနအနေနဲ့ သစ်တောသယံဇာတအရင်းအမြစ်တွေ ရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေရေးအတွက် သစ်တောများပြန်လည် တည်ထောင်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတု ပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံအလိုက်ဆောင်ရွက်ရမယ့်ကတိက၀တ်ကို လက်မှတ်ရေးထိုးပြီး ဖြစ်တဲ့အတွက်ကြောင့် မိမိတို့နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တော အဖြစ်၊ ၁၀ ရာခိုင်နှုန်းကို သဘာ၀ထိန်းသိမ်းရေးနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ဖြေကြားထားပါတယ်။ လက်ရှိအချိန်အထိ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ၂၅.၂၃ ရာခိုင်နှုန်း၊ သဘာ၀နယ်မြေ ၅.၇၉ ရာခိုင်နှုန်းရှိပြီးဖြစ်ပါတယ်။ ဖွဲ့စည်းရန်ကျန်ရှိတဲ့ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော ၄.၇၇ ရာခိုင်နှုန်းနှင့် သဘာ၀နယ်မြေ ၄.၂၁ ရာခိုင်နှုန်းထပ်မံဖွဲ့စည်းနိုင်ဖို့

အတွက် အခက်အခဲအမျိုးမျိုးကို ဖြေရှင်းပြီး ကြိုးပမ်းဆောင်ရွက်ရတဲ့အခြေအနေ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တစ်ဖက်မှာလည်း ဖွဲ့စည်းပြီး ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောနဲ့ သဘာဝနယ်မြေများ လျော့ပါးမှုမရှိစေရေး အလေးထားဆောင်ရွက်ရလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၀၆ ခုနှစ် ဆားလင်းဆားခါးကြိုးပြင်ကာကွယ်တောဖွဲ့စည်းသတ်မှတ်ခဲ့စဉ်က တည်ရှိခဲ့တဲ့ ယာမြေတွေကို ဒေသခံပြည်သူလူထုနစ်နာမှုမရှိစေဖို့အတွက် ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ ခွင့်ပြုပေးပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့ပြီးလည်းဖြစ်ပါတယ်။ နိုင်ငံတကာကတိကဝတ်ပြည့်မီဖို့အတွက် သစ်တောကြိုးဝိုင်းဖွဲ့စည်းရေးကိုသာ ဦးစားပေးဆောင်ရွက်နေရတာကတစ်ကြောင်း၊ ၂၀၁၃ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ကြိုးဝိုင်းကျူးကျော်စာရင်းမှာပါဝင်ခဲ့တဲ့ ယာမြေတွေကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများတည်ထောင်သွားဖို့ စည်းရုံးဆောင်ရွက်လျက်ရှိပြီး သစ်တောမြေအဖြစ်က ပယ်ဖျက်ဖို့ အစီအစဉ်မရှိကြောင်း ဖြေကြားထားပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီးတဲ့ဧရိယာများကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးနိုင်ရေးကို မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဘုတ်စုကွင်း၊ အမှတ်(၃)ကွင်း၊ ပေါင်း၀၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုး စုစုပေါင်း ၁၄ ကွင်းမှာ စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူ ၁၄၁ ဦးရဲ့ယာမြေတွေကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ခြင်းမရှိတဲ့အတွက် ပုံစံ(၇)ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းမေးခွင့်ပြုစေလိုပါတယ်။ ကျွန်တော်ရဲ့ဆိုလိုချက်ကတော့ မြန်မာပြည်မှာ ဧရာဝတီမြစ်ဘေးလိုဟာတွေ၊ ချင်းတွင်းမြစ်ဘေးလိုဟာတွေ၊ မြေပြန့်ဒေသတွေမှာ ခဲရာခဲဆစ်လုပ်ကွက်လေးတွေ ဖော်ထုတ်ပြီးတော့ လယ်ဖြစ်ရင်လယ်။ လယ်မဖြစ်လို့ရှိရင်လည်း ယာဆိုပြီးတော့ အခုလိုရရာလေးတွေ၊ လူတို့ရဲ့စားကုန်သောက်ကုန်တွေ ဖန်တီးစိုက်ပျိုးနေကြတဲ့နေရာတွေမှာ လုပ်မယ့်အစားကျွန်တော်တင်ပြတာကတော့ နယ်မြေမစိုးမိုးနိုင်သေးတဲ့နေရာတွေ၊ လက်လှမ်းမမီတဲ့နေရာတွေ။ ဒါတွေ

မှာ နစ်နာဆုံးရှုံးနေရတဲ့နေရာတွေအများကြီး ရှိပါတယ်။ မြောက်ဘက်ကပဲဖြစ်ဖြစ်၊ တောင်ဘက်ကပဲဖြစ်ဖြစ် ဆုံးရှုံးနေပါတယ်။ ကျွန်တော်တို့မစိုးမိုးနိုင်ပါဘူး။ ဒီလိုနေရာတွေကို ဦးစားပေးပြီးတော့၊ အာရုံစိုက်မဲ့တင်းပြီးတော့ သစ်တောကြိုးဝိုင်းအဖြစ် လုံခြုံရေးနှင့်တကွ ဖြစ်သွားမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ ဆုံးရှုံးမှုတွေလည်း သက်သာမယ်။ ပပျောက်သွားမယ်။ ခြံစည်းရိုးနယ်မြေတွေလည်း လုံခြုံသွားမယ်။ ဒါကြောင့်မို့လို့ အဲဒီလိုနေရာတွေကို ဦးစားပေးပြီးတော့ သစ်တောမြေတွေကို ဖန်တီးပေးစေချင်တဲ့သဘောဖြစ်ပါတယ်။ ဒီလိုအလုပ်အကိုင်အခွင့်အလမ်းရှားပါးလို့ လုပ်ကိုင်စားသောက်နေကြရတဲ့အခါမှာ သစ်တောမြေသတ်မှတ်ထားတယ်။ ပုံစံ(၇)လည်းမရဘူး။ ပုံစံ(၁၀၅)၊ (၁၀၆)ဆိုတာလည်းမရဘူးဆိုတော့ ကျွန်တော်တို့က စိုက်ပျိုးမြေက ပြုပြင်ရမှာပါ။ သိပ်အကောင်းကြီးလည်းမဟုတ်တဲ့အခါကျတော့ ကောင်းသည်ထက်ကောင်းအောင်၊ တစ်ဧကအထွက်နှုန်းတိုးအောင် အဲဒီလိုပြုပြင်ဖို့၊ မြေဩဇာတွေလည်း ထည့်စရာရှိတာတွေလည်းထည့်ဖို့၊ ရင်းနှီးမြှုပ်နှံဖို့ဆိုတာလေးတွေလည်း လိုအပ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ဆိုတာလေးကိုလည်းလုပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုမြစ်ကြီးတွေဘေးက ရေကြည်ရာ၊ မြက်နုရာနေရာမှာ လာပြီးတော့ သစ်တောကြိုးဝိုင်းမြေလုပ်တာ၊ ကြိုးဝိုင်းဖွဲ့တာဟာဆိုရင် ပြည်သူလူထုတွေမှာ နစ်နာမှုရှိပါတယ်။ စာနာပေးပါ။ ကိုယ်ချင်းစာပေးပါလို့ တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ ဆက်စပ်မေးခွန်းမဟုတ်ပါဘူး။ ဒါ မေတ္တာရပ်ခံတဲ့သဘောဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားစရာမလိုပါဘူး။

**လှိုင်ကော်မြို့နယ်၊ ဘုရားဖြူကျေးရွာမှ မိုးပြလက်ဝဲမြောင်းမကြီး မိုင်နာ(၁၉)အထိ အရှည် ၂၂၀၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အထု ၁၂ လက်မရှိ လယ်ယာကုန်ထုတ်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင့်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ လှိုင်ကော်မြို့ထဲမှာရှိတဲ့ ဘုရားဖြူကျေးရွာကနေပြီးတော့ မိုးပြလက်ဝဲမြောင်းမိုင်နာ(၁၉)အထိ နဂိုရှိနေတဲ့ မြေသားလမ်းကနေပြီးတော့ ကျောက်ချောလမ်းအဖြစ် လုပ်ပေးဖို့

အစီအစဉ်ရှိ/မရှိ၊ ရှိမယ်ဆိုရင် ဘယ်တော့လဲ။ မရှိဘူးဆိုရင် ဘာဖြစ်လို့လဲဆိုတာလေးကို မေးချင်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအား ကြောင်းကျိုးဖော်ပြချက်ကို Power Point ဖြင့်ပြခွင့်ပြုပါရှင်။ ဒီမြေပုံကတော့ ပန်းရောင်လေးနဲ့ပြထားတာကတော့ မြေယာကုန်ထုတ်လမ်း မြေသားလမ်း ဖြစ်ပါတယ်ရှင်။ အဲဒီမြေသားလမ်းကတော့ ကျွန်မတို့ လှိုင်ကော်မြို့နယ်ထဲမှာရှိပါတယ်။ ဘုရားဖြူရဲ့ မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ(၁၉)အထိဖြစ်ပြီးတော့ ပေ အရှည်က ၂၂၀၀၀ ရှိပါတယ်။ အကျယ်က ၁၂ ပေ၊ အထုက ၁၂ လက်မဖြစ်ပါတယ်။ အဲဒါက ကျွန်မတို့ ဒေါပေါ်ကလဲကျေးရွာမှာ ကျွန်မတို့ လူထုတွေ့ဆုံပွဲလုပ်တဲ့အခါမှာ တောင်သူလယ်သမားများက တောင်းဆိုတာဖြစ်သလို လက်ရှိမြေပြင်ပေါ်မှာ အလွန်ဆိုးရွားတဲ့ကုန်ထုတ်လမ်း အခြေအနေရှိလို့ တောင်းရခြင်းဖြစ်ပါတယ်။ အဲဒါသာလုပ်ပေးမယ်ဆိုရင် ကျွန်မတို့က အဲဒီလမ်းကိုရာသီမရွေးသွားလာနိုင်တယ်။ ဒီးမော့ဆိုမြို့နယ်အတွင်းမှာရှိတဲ့ ဘီလူးချောင်းရဲ့အနောက်ဘက်မှာ ကျေးရွာ ၁၂ ရွာရယ်၊ ဘီလူးချောင်းရဲ့အရှေ့ဘက်မှာရှိတဲ့ လှိုင်ကော်ထဲက ကျေးရွာပေါင်း ၁၀ ရွာတို့ဟာ ဒေသခံများနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီးတော့ စီးပွားရေးကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်မှာဖြစ်သလို ရေသောက်စနစ်အတွင်းမှာရှိတဲ့ ကွင်းပေါင်းက ၂၀၊ ရေသောက်ဧက က ၅၇၇၀၊ စပါးစိုက်ပျိုးတဲ့တောင်သူက ၁၂၆၅ ဦး၊ အဲဒီလယ်ကနေ စပါးတင်းပေါင်းက လေးသိန်းခြောက်သောင်းကျော်ထွက်တဲ့အတွက် အဲဒါတွေကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက အဲဒီလိုလုပ်ပေးနိုင်ဖို့အတွက်ကလည်း ကိုက်ညီတဲ့အချက်အလက်တွေကလည်းရှိပါတယ်။ အဲဒါဘာလဲဆိုရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲရေး ဟန်ချက်ညီတဲ့ MSDP ရဲ့ စီမံကိန်းရဲ့မူဝါဒ မဟာဗျူဟာ ၃(၁)မှာလည်း ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံဖြစ်တာလည်းပါသလို ဘက်စုံမွေးမြူရေးအလေ့အထ ကုန်ထုတ်မျိုးစုံထုတ်လုပ်နိုင်စွမ်း စီးပွားရေးကိုလည်း ပံ့ပိုးမယ်ဆိုတာ ပါပါတယ်။ UNDP ရဲ့ SDG မှာလည်း Low Poverty ဆင်းရဲမှုလျှော့ချတဲ့ Zero Hunger ၊ အဲဒါကလည်း ကျွန်မတို့ ဒီ Nutrition အပိုင်းမှာ Improve လုပ်သလို Sustainable Agriculture ခေါ်တဲ့ စဉ်ဆက်မပြတ်စိုက်ပျိုးရေးမှာလည်း အားပေးတာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ ကယားပြည်နယ်ရဲ့ စီမံကိန်းမူဝါဒ ရည်မှန်းချက်တွေနဲ့ ကိုက်ညီတာကို တွေ့ရပါတယ်ရှင့်။ ဒီလှိုင်ကော်မြို့ရဲ့ စီးပွားရေးညွှန်းကိန်းကတော့ ဒီအတိုင်းဖြစ်ပါတယ်။ လမ်းအခြေအနေကြည့်မယ်ဆိုရင် အခုပုံမှာပြထားတဲ့အတိုင်းပါပဲ။ ဒါကြောင့်မို့လို့ ဒီမြေသားလမ်းကို ဆင်းရဲသားတောင်သူလယ်သမားတွေအတွက် ဆင်းရဲမှုဘဝကနေ မြှင့်တင်နိုင်ဖို့အတွက် ဒီလမ်းကို ကျောက်ချော

လမ်းအဖြစ် လုပ်ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ၊ မရှိရင် ဘာဖြစ်လို့လဲ။ ရှိရင် ဘယ်တော့လုပ်ပေးမလဲ ဆိုတာ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ရဲ့ မေးခွန်းအပေါ်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မိုးဗြဲဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ ဘုရားဖြူကျေးရွာ ကနေ ဒေါပေါ်ကလဲကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားတဲ့ လယ်ယာကုန်ထုတ်လမ်းဟာ ဘီလူး ချောင်းအရှေ့ဘက်မှာရှိတဲ့ ကျေးရွာ ၁၀ ရွာနှင့် အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာ ၁၂ ရွာတို့အပြင် လွိုင်ကော်မြို့နှင့်ပါ ဆက်သွယ်သွားလာနိုင်တဲ့လမ်းဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုတဲ့လမ်း ဖြစ်ပါတယ်။ အဆိုပါ လယ်ယာကုန်ထုတ်လမ်းဟာ မြေသားလမ်းဖြစ်ပြီးတော့ အလျား ပေ ၂၂၀၀၀၊ အကျယ် ၁၂ ပေခန့် ရှိပါတယ်။ မိုးရာသီအတွင်း ဆက်သွယ်သွားလာဖို့ ခက်ခဲလျက်ရှိတဲ့အတွက် ရာသီမရွေး ဆက်သွယ် သွားလာနိုင်ဖို့ ကျောက်ချောလမ်းခင်းဖြစ်ရန်အတွက် လိုအပ်လျက်ရှိကြောင်း စိစစ်သိရှိရပြီးဖြစ်ပါ တယ်။ သို့ဖြစ်တဲ့အတွက် ဘုရားဖြူ-ဒေါ်ပေါ်ကလဲ လယ်ယာကုန်ထုတ်လုပ်ငန်းကို ကျောက်ချောလမ်း ခင်းပေးနိုင်ဖို့ လိုအပ်တဲ့ မြေပြင်တိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေများကို လည်းပဲ တွက်ချက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်လာမယ့်ရန်ပုံငွေကို ကယားပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိတာနဲ့အညီ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးပါရစေရှင့်။ အဲဒီမေးခွန်းကို ကျွန်မ Power Point နဲ့ နည်းနည်းပြောချင်ပါတယ်ရှင်။ Power Point ပေးပါရှင်။ ကျွန်မတို့ ဒီ MSDP မှာ ၂၀၁၈-၂၀၃၀ စီမံကိန်းစာအုပ်တွေ ဖတ်ပါတယ်။ အဲဒီစကားချီးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ရှိအခြေအနေမှာ ဘတ်ဂျက်အနေအထားပေါ်မူတည်ပြီး စီမံကိန်းတွေရွေးချယ်လျက်ရှိပါတယ်။ စီမံကိန်းရွေးချယ်ရာမှာ ငွေရေးကြေးရေးအခြေအနေကို ထည့်သွင်းစဉ်းစားရန်အရေးကြီးသော်လည်း နိုင်ငံအတွက် အမှန်တကယ်လိုအပ်တဲ့ စီမံကိန်းများကို ဦးစားပေးရွေးချယ်ရန်မှာ ပို၍အဓိကဖြစ်ပါတယ်။ ပြည်သူပြည်သားများအတွက် ကောင်းကျိုး အများဆုံးဆောင်ကြဉ်းပေးနိုင်တဲ့ စီမံကိန်းတွေကို ရွေးချယ်အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်လို့ ပြောထားပါတယ်ရှင့်။ အခု ဒုတိယဝန်ကြီးက ကျွန်မတို့ကို ပြည်နယ် အစိုးရနဲ့ တိုင်ပင်ပြီးတော့မှ လျာထားပေးတဲ့အတွက်၊ မြေပြင်ကိုလည်း တိုင်းတာပေးမှာဖြစ်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ခုမေးချင်ပါတယ်ရှင့်။ အဲဒီလျာထားချက်မှာ ပထမဦးစားပေးလားဆိုတာလေးကိုတော့ တိတိကျကျ ကျစ်ကျစ်လျစ်လျစ်နဲ့ သေသေချာချာလေးကို လုပ်ထားပါသလား။ အစီအစဉ်ရှိပါသလား။ ရှိတယ်ဆိုရင်လည်း တိတိကျကျလေးပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်းပဲ ဒါ မေးသင့်မေးထိုက်တဲ့ မေးခွန်းဖြစ်ကြောင်း စိစစ်ရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မိမိတို့စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ အရာရာဟာ မပြည့်စုံတဲ့အလျောက်၊ လိုအပ်ချက်တွေရှိနေဆဲဖြစ်တဲ့ အလျောက် ယင်းပေါ်မှာအခြေတည်ပြီးတော့ ဦးစားပေးလုပ်ငန်းတွေကို စိစစ်ပြီး ဘတ်ဂျက်ရဲ့ အကန့်အသတ်နဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ လှိုင်ကော်မြို့နယ်၊ ဘုရားဖြူကျေးရွာမှာတည်ရှိတဲ့ ဘုရားဖြူရွာ ကနေပြီးတော့ မိုးပြလက်ဝဲမြောင်းမကြီး မိုင်နာ(၁၉)အထိ ပေ ၂၂၀၀၀ ရှည်တဲ့ ကုန်ထုတ်လမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားနိုင်ဖို့အတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးမှာ

ထည့်သွင်းဆောင်ရွက်ပေးသွားနိုင်ဖို့ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဝိုင်းမော်မြို့နယ်တွင်ရှိသော ဝါးရှောင်ရေလှောင်ဆည်ကို အကြီးစားပြုပြင်တည်ဆောက်ပေးရန်နှင့် မြေသားတူးမြောင်းမကြီးအား ဆည်မြောင်းပုံစံကျ ကွန်ကရစ်အုတ်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်ခင်ဗျား။ ယနေ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်တွင်တည်ရှိတဲ့ ဝါးရှောင်ရေလှောင်ဆည်ကို အကြီးစားပြုပြင်ပေးရန်နှင့် မြေသားတူးမြောင်းမကြီးကို ကွန်ကရစ်အုတ်စီနံရံ တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းရခြင်းနှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေမှန်ကိုသိရှိရန်အတွက် Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။ အခု Slide တွင်တွေ့မြင်ရတဲ့ပုံကတော့ ကျွန်တော်တို့ ဝါးရှောင်ရေလှောင်ဆည်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝါးရှောင်ရေလှောင်ဆည်ကို ၁၉၆၂-၁၉၆၃ ခုနှစ်က ယူရိုဆလပ်နည်းပညာဖြင့် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၆-၁၉၆၇ မှာပြီးစီး၍ ကွင်းပေါင်း ၄၂ ကွင်းနှင့် စီမံကိန်းနယ်မြေဧရိယာ ဧက ၁၇၄၅၀ ဧကကို ရေပေးဝေခဲ့တဲ့ဆည်ကြီးဖြစ်ပါတယ်။ အဆိုပါ ရေလှောင်ဆည်အားယခင်တုန်းကဆိုရင် မိုးတွင်းကာလ ဒီလိုရေဝပ်ဧရိယာမှာ ဒီလိုလူတွေဖြတ်ကူးရေချိုးလို့ မရတာဖြစ်ပါတယ်။ ပေပေါင်း ၂၀ ကျော်နက်တာဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာတော့ သဲနုန်းများမဖော်ခင်တွေ့မြင်ရတဲ့ ရေဝပ်ဧရိယာပုံပဲဖြစ်ပါတယ်။ ဒါလည်းပဲ နုန်းသဲများပြည့်နေတဲ့ ပုံပဲဖြစ်ပါတယ်။ အခုတွေ့မြင်ရတဲ့ Slide ကတော့ ဒီဆည်မှာပေ ၂၀ ကျော်နက်တဲ့ ရေထုတ်၊ သဲထုတ်တံခါးရှိပါတယ်။ ဒီသဲထုတ်တံခါးကိုဦးစားပေးပြီးမှ နုန်းသဲတွေကိုဖော်နေတဲ့ ပုံပဲဖြစ်ပါတယ်။ ဒါလည်းပဲ နုန်းသဲတွေကိုဖော်နေတာ ဖြစ်ပါတယ်။ ဒီလိုဖော်တဲ့အခါမှာ အခု Slide မှာတွေ့မြင်ရတဲ့ ဒီအရှေ့ခြမ်းကိုသာကွက်ပြီး

ဖော်ပြတာတွေ့ရပါတယ်။ သဲသောင်တစ်ပြင်လုံးကို ဖော်ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ နုန်းသဲဖော်ပြီးတဲ့နောက်တွေ့ရတဲ့ ရေဝပ်ဧရိယာအောက်မှ နုန်းသဲများပြန်လည်ထူထပ်လာခြင်းပဲဖြစ်ပါတယ်။ ဒါလည်း နုန်းသဲဖော်ပြီးတဲ့နောက် တွေ့မြင်ရတဲ့ပုံပဲဖြစ်ပါတယ်။ အပေါ်ကပုံနှစ်ပုံကတော့ သဲထုတ်တံခါးဖော်လိုက်တဲ့ပုံ။ လက်ရှိအခြေအနေမှာ မူလအတိုင်းပဲ နုန်းသဲများပြည့်နေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီလို နုန်းသဲတွေဖော်တာနှင့်အတူ ဒီလိုဆည်မှာအဆောက်အဦတွေ ဆောက်နေတာရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေကူလွဲဘက်ကို သွားတဲ့လမ်းမှာ နှစ်ပေပတ်လည်ကွန်ကရစ်ရှိတဲ့ဟာကို ပြန်ဖြတ်၊ ပြန်ပြီးတော့အသစ်ပြန်လည်ပြင်ဆင် ဘတ်ဂျက်မကုန်ကုန်အောင်လုပ်နေတဲ့ ပုံပဲဖြစ်ပါတယ်။

ဒါဟာလည်းပဲ ဆည်ကိုပြုပြင်မွမ်းမံထားတဲ့ပုံ၊ ဆည်မြောင်းပြုပြင်မွမ်းမံထားတဲ့ ပုံဖြစ်ပါတယ်။ ဒီနေရာမှာ ရေရောက်ရှိလာခြင်းမရှိပါဘူး။ လွန်ခဲ့တဲ့နှစ်တုန်းက ရေမရောက်ရှိပါဘူး။ ဒါလေးကတော့ မြောင်းမှာအမှန်တကယ်လုပ်ရမယ့် ဆည်မြောင်းမှာရေစီးရေလာကောင်းအောင်လုပ်ရမည့်ပုံ၊ ချုံတွေပိတ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်းပဲ ဆည်မြောင်းပြတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မြေသားတူးမြောင်းမကြီးပုံဖြစ်ပါတယ်။ ဒီမြေသားတူးမြောင်းမကြီးမှာ အမှန်တကယ်ကွန်ကရစ်ခင်းပေးဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမျိုးသားစီမံကိန်းဥပဒေမှာဖော်ပြထားတဲ့ အခန်း(၃)က ပုဒ်မ ၁၃ ဖြစ်ပါတယ်။ ဒါတော့ လက်ရှိဝါရှောင်ဆည်ရဲ့အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တောင်သူတွေအမှန်တကယ်လိုအပ်တာက ဒီသဲသောင်ပြင်အစား ရေရရှိဖို့လိုအပ်တာ ဖြစ်ပါတယ်။ သို့သော် လက်ရှိလုပ်နေတဲ့လုပ်ငန်းတွေက ရေသိုလှောင်နိုင်မှု တောင်သူတွေကို ရေပေးဝေနိုင်အောင်လုပ်ဆောင်နေခြင်းမရှိတာကို တွေ့ရပါတယ်။ နှစ်စဉ်နှစ်တိုင်း ဘတ်ဂျက်တွေချထားပြီးလုပ်ဆောင်နေတာတော့တွေ့တယ်။ ပေးကာပေး၏ မရဆိုသလို အနာနဲ့ဆေးနှင့် တခြားစီဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုမဖြစ်ရလေအောင် အမှန်တကယ်တောင်သူတွေ ရေရရှိနိုင်ရန်အတွက် အမှန်တကယ်လိုအပ်နေတဲ့ ဒီနုန်းသဲတွေကိုဖော်ဖို့ ဆည်ကိုပြုပြင်ပေးရန်နှင့် မြေသားမြောင်းမကြီးတွေကို အုတ်စီနံရံပြုလုပ်ပေးဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နန့်မြင်းခချောင်းပေါ်မှာရှိတဲ့ ဝါရှောင်ရေလွှဲဆည်ကို ၁၉၆၆-၁၉၆၇ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့မှ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ထိုစဉ်က ဆည်မြောင်းဦးစီးဌာနက စီမံခန့်ခွဲထိန်းသိမ်းထားလျက်ရှိတဲ့ ဆည်ဖြစ်ပါတယ်။ ဝါရှောင်ရေလွှဲဆည်ရဲ့ ဆည်ရေသောက်စနစ်မှာ တူးမြောင်းမကြီးဟာ အလျား ၁၁.၅၂ မိုင် ကျန်ရှိပါတယ်။ လက်တံမြောင်းဟာ ၂၄ ခုရှိပြီးတော့ အလျား မိုင် ၅၀ ကျော်ခန့်ရှိပါတယ်။ တူးမြောင်းအဆောက်အဦပေါင်း ၄၂၉ ခုကို စနစ်တကျထည့်သွင်းတည်ဆောက်ထားပြီးတော့ ဆည်ရေသောက်ဧရိယာဟာ ၁၁၄၄၆ ဧက ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မိုးစပါးဧက ၁၁၂၁၈ ဧက စိုက်ပျိုးနိုင်ခဲ့တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

ဝါရှောင်ရေလွှဲဆည် အကြီးစားပြုပြင်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ ဝါရှောင်ရေလွှဲဆည်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို နှစ်စဉ်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ရတဲ့အခြေအနေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရဲ့သာမန်အသုံးစရိတ်ရန်ပုံငွေနဲ့ ရေလွှဲဆည်ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ သဲနုန်းများကျင်းပေါင်း ၁၅၀၀၀ ခန့်ကို တူးဖော်ပေးခဲ့ပါတယ်။ ရေပိုလွှဲရဲ့အထွက် ရေလမ်းကြောင်းဖြောင့်ဖို့အတွက် သဲနုန်း ၄၈၅၆ ကျင်းခန့် တူးဖော်ခြင်းနှင့်အတူ ရေပိုလွှဲအောက်ပိုင်း ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းပဲဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ် ဧပြီ-စက်တင်ဘာ ဘဏ္ဍာရေးနှစ် မီနီဘတ်ဂျက်မှာပြည်ထောင်စုသာမန်အသုံးစရိတ်ရန်ပုံငွေနှင့် ရေလွှဲဆည်နှင့်ရေပိုလွှဲအောက်ပိုင်း ကြမ်းခင်းသံကူကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဝါရှောင်ရေလွှဲဆည်၏ ရေလျှံထိန်းတာပေါင်ပုံစံကျမြေဖို့ခြင်းနှင့် လိုအပ်တဲ့နေရာတွေမှာ ကျောက်စီခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝါရှောင်ရေလွှဲဆည်ဟာ တည်ဆောက်ပြီးစီးခဲ့တဲ့ သက်တမ်းအားဖြင့်နှစ်ပေါင်း ၅၀ ကျော်ခန့် ရှိခဲ့ပြီးဖြစ်ပါတယ်။ နှစ်ကာလကြာလာတာနှင့်အမျှ ရေလွှဲဆည်အထက်ဘက်

ရေဝပ်ဧရိယာမှာ သဲနုန်းပို့ချတိမ်ကောမှုကို ဆက်လက်တူးဖော်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် သဲထုတ်ရေတံခါးနှင့် မြောင်းမင်းကြီးရေသွင်းရေတံခါးတို့ရဲ့အရှေ့မှာ ဒိုက်ကာတပ်ဆင်ခြင်းလုပ်ငန်း ရေလွှဲဆည်ရဲ့အထက်ဘက် ရေဝင်လမ်းကြောင်းမှာ ချောင်းပေါင်ပုံစံကျမြေဖို့ခြင်းနှင့် ကျောက်စီခြင်း လုပ်ငန်းစတဲ့လုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ဖို့လိုအပ်ချက်ရှိနေပါတယ်။ အဆိုပါလုပ်ငန်းတွေဟာ အကြီးစားပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ကြပါတယ်။ လုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေ လိုအပ်ချက်ကလည်း များပြားတဲ့အတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှာ ဘဏ္ဍာရေးနှစ် အလိုက် လျာထားတောင်းခံပြီး ရန်ပုံငွေရရှိမှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီမံ ထားပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ဝါရှောင်တူးမြောင်းမကြီးကို မြောင်းပုံစံကျကွန်ကရစ်အုတ်စီနံရံ တည်ဆောက်ရန် ကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးပါမယ်။ တူးမြောင်းမကြီးတစ်လျှောက် ကွန်ကရစ်လိုင်နင် ဆောင်ရွက်ရာမှာ လုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေလိုအပ်ချက်ကလည်း များစွာများပြားမှာဖြစ်ပါ တယ်။ လုပ်ငန်းတွေကို စိစစ်ပြီးအဓိကလိုအပ်တဲ့အပိုင်းများမှသာ လျာထားစီမံဆောင်ရွက်ဖို့ရှိမှာ ဖြစ်ပါတယ်။ ဝါရှောင်ရေလွှဲဆည်ရဲ့ တူးမြောင်းမကြီးမှာ ကွန်ကရစ်လိုင်နင်ပြုပြင်တည်ဆောက်ရမည့် နေရာများ မြောင်းပေါင်ရဲ့ ပြုပြင်ရမည့်အစိတ်အပိုင်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိမှု ရန်ပုံငွေပေါ်မှာမူတည်ပြီး ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မှာ လက်တံမြောင်း(F)ပုံစံကျမြေဖို့ပြုပြင်ခြင်းလုပ်ငန်း၊ ၂၀၁၈ ခုနှစ် ဧပြီ-စက်တင်ဘာ မီနီဘတ်ဂျက် မှာ လက်တံမြောင်း(F)ပေါ်မှာရှိတဲ့ ရေသွယ်လျှောက်အဝင်အထွက် အုတ်လိုင်နင်စီခြင်းလုပ်ငန်း၊ တူးမြောင်းမကြီးမှာ ပျက်စီးနေတဲ့ ကွန်ကရစ်လိုင်နင်အစိတ်အပိုင်းအချို့ကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းစတဲ့လုပ်ငန်းတွေကို ပြည်ထောင်စုသာမန်အသုံးစရိတ်ငွေနှင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လက်တံမြောင်း(M) ကွန်ကရစ် လိုင်နင်ဆောင်ရွက်ခြင်း၊ လက်တံမြောင်း ၁၁ ခုမှာ သဲနုန်းတူးဖော်ခြင်းနှင့် ပုံစံကျမြေဖို့ပြုပြင်ခြင်း၊ မြောင်းမကြီးနှင့် လက်တံမြောင်း(A) မြောင်းပေါင်နိမ့်ကျမှုများ ပြုပြင်ခြင်း၊ တူးမြောင်းမကြီးနှင့် လက်တံမြောင်းခွဲများမှာရှိတဲ့ တိုက်ရိုက်ရေထုတ်ပေါက်များမှာ ရေထိန်းတံခါးရွက်တွေတပ်ဆင်ခြင်း လုပ်ငန်းတို့ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဝါရှောင်ရေလွှဲဆည်နှင့် ဆည်ရေ သောက်စနစ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုသာမန်အသုံး စရိတ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးလုပ်ငန်းများသတ်မှတ်ကာ ဆောင်ရွက်ပေးလျက်

ရှိပါကြောင်းနှင့် ရေလွှဲဆည်အကြီးစားပြုပြင်ခြင်းလုပ်ငန်းများနှင့် တူးမြောင်းမကြီးရဲ့ လိုအပ်တဲ့အပိုင်းတွေမှာ ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းတွေကိုတော့ ဆောင်ရွက်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစပြီး ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံ၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးလဂန်ဇယ်ဂျူး(ဝိုင်းမော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ခုနက ကျွန်တော်တို့ရဲ့ ဒုတိယဝန်ကြီး ရှင်းလင်းဖြေကြားသွားတဲ့နေရာမှာ အားလုံးအစုံပါပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီအတိုင်းဖြေတဲ့အခါမှာ ကျွန်တော်စောစောတုန်းက Power Point မှာ ရှင်းပြခဲ့သလို အခု ကျွန်တော်တို့အစိုးရသစ်တက်လာတဲ့ ဒီသက်တမ်းကာလမှာ သုံးနှစ်ရှိလာပြီးဖြစ်တဲ့ ဒီကြားမှာ နှစ်စဉ်နှင့်အမျှ လုပ်ဆောင်နေတာတွေ့ရှိပါတယ်။ ဒီလိုဝန်ကြီးရှင်းလင်းတဲ့အတိုင်း လုပ်ဆောင်တဲ့နေရာမှာ ခုနကသဲနုန်းဖော်တဲ့ကျင်းပေါင်း ၁၅၀၀ ဆိုတာလည်းပဲ ဖော်ပြီးတဲ့နောက်ပိုင်း ပကတိအခြေအနေအတိုင်းပဲ ဖြစ်သွားပါတယ်။ ကျွန်တော် Slide မှာ ပြပြီးသားလည်းဖြစ်ပါတယ်။ အဲဒီအခါကျတော့ ဒီလိုတစ်နှစ်တစ်နှစ် လျာထားတဲ့ဘတ်ဂျက်ရန်ပုံငွေနှင့်ပဲ လုပ်နေမယ်ဆိုရင်တော့ ဘယ်သောအခါမှာလည်း တောင်သူတွေ ရေအပြည့်အဝရမှာမဟုတ်ပါဘူး။ ဒီအတိုင်းလုပ်တော့လုပ်တယ်မရဘူး။ အလုပ်ပြရုံလေးသက်သက်ဖြစ်နေမှာဖြစ်ပါတယ်။ နှစ်စဉ်နှင့်အမျှ ဘဏ္ဍာငွေတောင်းခံအပေါ်မှာပဲမူတည်ပြီး လုပ်နေမယ်ဆိုရင်တော့ ဒါအဆင်မပြေနိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ မဲဆန္ဒရှင်တောင်သူတွေရဲ့ ကိုယ်စား တစ်ခါလည်း ယခင်ကလိုပဲ ယခင်တုန်းက နွေစပါးလည်းလုပ်နိုင်တယ်။ လယ်မြေဧက ၁၂၀၀၀ ကျော်ကိုလည်း ရေပေးဝေနိုင်တဲ့အခြေအနေရှိခဲ့ပါတယ်။ ဒီနေ့ဒီအချိန်ကျမှ ဘာဖြစ်လို့ ဒီလိုတွေမဖြစ်နိုင်ရတာလည်း ဒါလေးကိုသေချာအဖြေရှာပြီး နှစ်စဉ်ရန်ပုံငွေတောင်းခံမှုအပေါ်မှာ မူတည်ခြင်းမဟုတ်ဘဲနဲ့ တစ်လုံးတစ်ခဲပဲ တစ်ခါတည်းရန်ပုံငွေသတ်မှတ်ပြီးမှ လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ အဲ့ဒါလေးကို ဆက်စပ်မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မိမိဖြေကြားချက်အပေါ်မှာ ကာလအပိုင်းအခြားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အစီအစဉ်မှာ တစ်နှစ်တည်းအပြီး အကောင်အထည် ဖော်ဆောင်ရွက်ပေးစေလိုတဲ့အခြေအနေဖြစ်ကြောင်း သဘောပေါက်ပါတယ်။ အဓိကကတော့ ဘဏ္ဍာ ရေးရန်ပုံငွေခွဲဝေရရှိမှုဟာ နံပါတ်(၁)အချက်ဖြစ်ပါတယ်။ ဒုတိယအချက်က လုပ်ငန်းပမာဏကြီးမားတဲ့ အလျောက် တစ်နှစ်တာအတိုင်းအတာကာလအတွင်းမှာ ဆောင်ရွက်နိုင်စွမ်းရှိ/မရှိဆိုတာနဲ့ မူတည် ပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်(၁)အချက်အနေနဲ့ ဘဏ္ဍာငွေတင်ပြတောင်းခံတဲ့အခါမှာ အပြည့်အဝ ရရှိရေးဟာလည်း အရေးကြီးတဲ့အလျောက် ပြည်သူ့လွှတ်တော်မှာလည်းပဲ ဒါကိုအထူးစဉ်းစားပေးဖို့ နံပါတ်(၁)အချက်တင်ပြအပ်ပါတယ်။ မိမိတို့မှာရှိတဲ့ စက်ယန္တရားအားနဲ့ လုပ်ကိုင်နိုင်စွမ်းအားအပေါ် မှာ မူတည်ပြီးတော့ လုပ်ငန်းတွေကို အချိန်တိုကာလအတွင်း စီမံဆောင်ရွက်ပေးသွားဖို့အတွက်ကို လည်းပဲ ညှိနှိုင်းပြီးတော့မှ စီမံသွားမည့်အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျွန်းစုမြို့နယ်၊ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ စာသင်ကျောင်းများသို့သွားရာ တံတားနှင့် စာသင်ကျောင်းတို့ကို ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကျွန်းစု မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ စာသင်ကျောင်းသို့သွားသည့် တံတားနှင့် စာသင်ကျောင်းဆောင်ကိုပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကိုမေးမြန်းမှာဖြစ်ပါ တယ်ရှင်။ အဲဒီမေးခွန်းကိုမေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ ကျောင်းဆောင်များအပါအဝင် တစ်ရွာလုံးရှိ လူသွားလမ်းများသည် မြေပြင်ပေါ်တွင်မရှိဘဲ ရွှံ့မြေ များပေါ်တွင်ဖြတ်၍ တံတားသဖွယ်လမ်းခင်း၍ ဖြတ်သန်းသွားလာကြသည့် ကျေးရွာတစ်ရွာ ဖြစ်ပါတယ်ရှင်။

Power Point ကိုအသုံးပြုခွင့်ပေးပါ။ အဲဒါကတော့ ကျွန်မတင်ပြတဲ့ကျောင်းနံရံပျက်စီးနေတဲ့ပုံဖြစ်ပါတယ်ရှင်။ ဒီမှာတင်ပြတဲ့ ကျောင်းကိုသွားတဲ့ နံဘေးလမ်းဆိုတာဟာ ရွာထိပ်ကနေပြီးတော့ တံတားကနေလာတဲ့ ကွန်ကရစ်တစ်ဝက်ပဲခင်းထားတဲ့လမ်းကို မဆိုလိုပါဘူး။ ဒီအဆောက်အဦနှစ်ခုကြားမှာ တစ်ပိုင်းတစ်စပေါ်နေတဲ့လမ်းကျဉ်းကျဉ်းလေးက အဲဒါကျောင်းသွားတဲ့လမ်းဖြစ်ပါတယ်ရှင်။ အဲဒါ ကျောင်းအနောက်ဘက်ပုံ။ အဲဒါ ကျောင်းရဲ့အရှေ့ဘက်ဝင်ပေါက် တံတားရဲ့ပုံဖြစ်ပါတယ်ရှင်။ အဲဒါက ကျောင်းထဲမှာနံရံတွေပျက်စီးနေတဲ့ပုံကို ပြထားတာဖြစ်ပါတယ်ရှင်။ အဲဒါကျောင်းကိုသွားတဲ့လမ်း။ ဟိုအစွန်လေးမှာရှိနေတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းက Main လမ်းကနေဆက်သွားတဲ့လမ်းပဲဖြစ်ပါတယ်ရှင်။ အဲဒါကမှ တကယ်ကိုကျောင်းကိုသွားတဲ့လမ်းဖြစ်ပါတယ်ရှင်။ ကျောင်းကိုသွားတဲ့လမ်းအစ ပျက်စီးနေတဲ့လမ်းဖြစ်ပါတယ်ရှင်။ ဟိုသေးသေးလေးက ကျောင်းဝင်တဲ့လမ်းသွယ်လေးဖြစ်ပါတယ်။ အဲဒါလည်းကျောင်းသွားတဲ့လမ်းပဲဖြစ်ပါတယ်ရှင်။ ကျောင်းအတွင်းမှာ ပဉ္စမတန်းပညာသင်ကြားရတဲ့ ကျောင်းသားလေးတွေကျောင်းရဲ့နံရံ၊ ကျောင်းဆောင်ရဲ့အနေအထားဖြစ်ပါတယ်ရှင်။ အဲဒါက တကယ်ကျောင်းအနီးဆုံးဖြစ်တဲ့လမ်း၊ ကျောင်းကိုသွားတဲ့ အဓိကလမ်းကနေ ဖြတ်ပြီးတော့ဝင်တဲ့လမ်း အသေးစိတ်ရိုက်ထားတဲ့ပုံဖြစ်ပါတယ်ရှင်။ အဲဒီမှာကျောင်းကိုဝင်တဲ့ Main လမ်းကနေဖြတ်သွားရတဲ့လမ်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ အဲဒီလို လမ်းရော၊ ကျောင်းရောက ပျက်စီးနေတဲ့ မိုင်းတွင်းကျေးရွာအတွင်းမှာရှိတဲ့ စာသင်ကျောင်းကိုသွားတဲ့ သစ်သားတံတားက ရွာထိပ်ကနေအမြင့်ကခုနစ်ပေ၊ အကျယ်ကရှစ်ပေနဲ့ အလျား ၂၀၀ ပေရှိပါတယ်ရှင်။ စာသင်ကျောင်းဆောင်ကလည်း နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်တဲ့အတွက် အန္တရာယ်လည်းရှိတယ်။ ဥပတိရုပ်လည်းမကောင်းတဲ့ ကိုယ်ထူကိုယ်ထကျောင်းဖြစ်ပြီးတော့ အလွန်တရာဆွေးမြည့်ပျက်စီးနေပြီဖြစ်သည့်အတွက် ပဉ္စမတန်းကျောင်းသားများကို ဖြစ်သလိုပညာသင်ကြားနေရသော ကျောင်းခန်းမဆောင်တစ်ခုဖြစ်ပါတယ်။

သို့ပါ၍ အဆိုပါမိုင်းတွေးကျေးရွာရှိ အလွန်တရာဟောင်းနွမ်းပျက်စီးနေသည့် စာသင်ကျောင်းဆောင်နှင့် ကျောင်းဆောင်သို့သွားသည့်လမ်းကို သစ်သားဘေလီကွန်ကရစ်တံတားတစ်စင်းကိုဆောက်လုပ်ပေးမည့်အစီအစဉ်ရှိ/မရှိကို ကျေးရွာသူကျေးရွာသားများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများအားလုံး မင်္ဂလာပါ။ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကဘင်အုပ်စု၊ မိုင်းတွေးကျေးရွာရှိ စာသင်ကျောင်းများသို့သွားရာ တံတားနှင့်စာသင်ကျောင်း ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းအပေါ်မှာ ပညာရေးဝန်ကြီးဌာနနှင့် တနင်္လာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ မိုင်းတွေးအခြေခံပညာအလယ်တန်းကျောင်းမှာ ကျောင်းဆောင်လေးဆောင်ရှိတယ်လို့သိရပါတယ်။ အဆောင်(၁)ကတော့ ၇၅ ပေ x ၃၅ ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင်တစ်ဆောင်၊ အဆောင်(၂)ကတော့ ၇၅ ပေ x ၃၅ ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်တစ်ဆောင်၊ အဆောင်(၃)ကတော့ ၇၅ ပေ x ၃၅ ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် တစ်ဆောင်၊ အဆောင်(၄)ကတော့ ၆၀ ပေ x ၃၀ ပေ RCC တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်လေးဆောင်ရှိပြီးတော့ ကျောင်းသားကျောင်းသူအနေနဲ့ မူလတန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၂၀၀ ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၁၈၇ ဦး စုစုပေါင်း ၃၈၇ ဦးရှိတယ်လို့သိရှိရပါတယ်။ ဖော်ပြပါကျောင်းဆောင်များအနက် အဆောင်(၄) ကိုတော့ ၆၀ ပေ x ၃၀ ပေ RCC တစ်ထပ်ဆောင်တစ်ဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့်ဆောက်လုပ်ပြီးစီးခဲ့တဲ့ကျောင်းဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

ပညာရေးဝန်ကြီးဌာန ဖြေကြားချက်အနေနဲ့ကတော့ မိုင်းတွေးအခြေခံပညာအလယ်တန်း ကျောင်းမှာ လက်ရှိကျောင်းသားဦးရေနဲ့ စာသင်ခန်းအချိုးအရ ကျောင်းဆောင်လုံလောက်မှုရှိနေသေး ပါသဖြင့် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေး ကျောင်းအနေဖြင့် ထည့်သွင်းလျာထားနိုင်ခြင်းမရှိသေးပါကြောင်း သိရှိရပါတယ်။ တနင်္လာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ကတော့ မေးမြန်းချက်မှာပါတဲ့ မိုင်းတွေးကျေးရွာအတွင်းရှိ စာသင်ကျောင်းသို့ သွားရောက်တဲ့လမ်းပေါ်မှာရှိတဲ့ သစ်သားတံတားဟောင်းနွမ်းပျက်စီးနေမှုအတွက်

ကွန်ကရစ်တိုင်၊ ကွန်ကရစ်ကြမ်းခင်းတံတား ၂၀၀ ပေ x ၈ ပေ x ၇ ပေ တစ်စင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှု အပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အခုနက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ သုံးဆောင်၊ လေးဆောင် ရှိတယ်လို့ ပြောသွားတာမှန်ပါတယ်။ ဒါပေမဲ့ လက်ရှိကျွန်မပြတဲ့ကျောင်းက အင်မတန်ကို အခြေအနေဟာဆိုးပြီးတော့ ဥပမိရုပ်လည်းဆိုးဝါးနေတဲ့အတွက် အခု ၂၀၁၉-၂၀၂ ဘဏ္ဍာရေးနှစ်မှာ မဆောက်လုပ်ပေးနိုင်ဘူးဆိုရင်လည်း မည်သည့်ကာလမှာ ဆောက်လုပ်ပေးမယ်ဆိုတာ သိချင်ပါတယ် ရှင်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး Power Point မှာတင်ပြသွားတာလည်းတွေ့ရပါတယ်။ တွေ့ရတဲ့အတွက်လည်း ဒါကိုတော့ ပညာရေးဝန်ကြီးဌာနနဲ့ပဲညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့် အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နန်းယွန်းမြို့နယ်၊ ဒုံပဲမြို့ပေါ် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး အစီအမံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ လို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နန်းယွန်းမြို့နယ်၊ ဒုံပဲမြို့ပေါ်မှာ ရှိကြတဲ့ ပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ နန်းယွန်း

မြို့နယ်၊ ဒုံဟီးမြို့ဟာဆိုရင် မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်နှင့် ဖွဲ့စည်းထားတာဖြစ်ပြီး အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၅၀၀ ဝန်းကျင်သာနေထိုင်တဲ့ တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ပြည်သူတွေအားလုံးဟာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားတွေအသက်ရှင်သန်ဖို့ ရေဟာမရှိမဖြစ် အရေးကြီးဆုံးသောအရာဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ကြပါတယ်။ ဒါပေမဲ့ ဒုံဟီးမြို့ပေါ်မှာရှိတဲ့ ပြည်သူအများစုကတော့ ဒီနေ့အချိန်ထိ သောက်သုံးရေကို လက်ယက်တွင်းလေးတွေကပဲ ခပ်ယူကြပြီးတော့ကချွေတာပြီးအသုံးပြုကြရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့ရဲ့တစ်ဖက်တစ်ချက်မှာ ချောင်းမကြီးနှစ်ချောင်းရှိပေမယ့် မြို့ရဲ့တည်နေရာက အမြင့်ပိုင်းမှာတည်ရှိနေတာဖြစ်လို့ ချောင်းမကြီးကနေရေသွယ်ယူလို့မရပါဘူး။ ဒါကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မြို့ပေါ်ရပ်ကွက် သောက်သုံးရေရရှိရေးအတွက် တိုင်းစည်ပင်ဘတ်ဂျက်နဲ့ ခုနစ်မိုင်အကွာအဝေးကနေ စိမ့်စမ်းရေသွယ်ယူပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ရေအရင်းအမြစ် ရေထွက်အားနည်းတဲ့အတွက် မြို့ပေါ်နှစ်ရပ်ကွက်မှာသာရေရနိုင်ပြီးတော့ ကျန်တဲ့မြို့ပေါ်ရပ်ကွက်တစ်ခုကတော့ ဒီနေ့အချိန်ထိ လက်ယက်တွင်းကိုပဲအသုံးပြုကြရပါတယ်။ နွေရာသီနှင့်ဆောင်းရာသီအချိန်မှာတော့ အထက်မှာဖော်ပြခဲ့တဲ့ ရပ်ကွက်နှစ်ခုမှာလည်းပဲ သောက်သုံးရေအပြည့်အဝမရကြတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ဒုံဟီးမြို့ပေါ်မှာနေထိုင်ကြတဲ့ ပြည်သူများအားလုံး သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မြို့ပေါ်ပြည်သူများသောက်သုံးရေရရှိနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းခြင်းနှင့်စပ်လျဉ်းပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့သောက်သုံးရေရရှိရေးလုပ်ငန်းအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်း ခုနစ်မိုင်နှင့် ရေဖမ်းကန်တစ်ကန်၊ ရေစုကန်တစ်ကန်၊ ရေလှောင်ကန်တစ်ကန်တို့ကို ဒုံဟီးမြို့နယ် စည်ပင်

သာယာရေးအဖွဲ့ကနေပြီးတော့ ဆောင်ရွက်ခဲ့ပြီးကြောင်းသိရပါတယ်။ ဒါပေမဲ့ ဒုံဟီးမြို့ပေါ် သောက်သုံးရေဖူလုံစွာရရှိရေးနှင့်စပ်လျဉ်းပြီးတော့ လက်ရှိလူဦးရေ၊ အိမ်ခြေအခြေအနေနဲ့ ရေလုံလောက်မှုရှိ/မရှိ လိုအပ်ချက်နဲ့ ရေရရှိနိုင်မည့်အရင်းအမြစ် စုဆောင်းရရှိနိုင်မည့်ပမာဏ ဖြစ်နိုင်ခြေတို့ကို လွှတ်တော်ကိုယ်စားလှယ်အပါအဝင် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများက ကွင်းဆင်းစိစစ်တင်ပြလာမှုအပေါ်မှာ အခြေခံပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေစိစစ်မှုထောက်ခံတင်ပြလာမယ်ဆိုလို့ရှိရင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယငါးနှစ်စီမံကိန်းမှာ အဆိုပြုထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့် နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့် သာယာကျေးရွာတွင် ရွာချင်းဆက်မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့် နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန်ကျေးရွာနှင့် သာယာကျေးရွာတွင် ရွာချင်းဆက်မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိရအောင် ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ ကျေးလက်တောရွာလေးတွေကို မြို့ပြနှင့်တန်းတူထည့်ပြီး ရေးဆွဲပေးစေချင်ပါတယ်။ အခုကတော့ မြို့ပြတွေမှာ လိုအပ်ချက်မရှိသလောက်ကို လမ်း၊ တံတား၊ မီး၊ ဆက်သွယ်ရေးတာဝါတိုင် စသည့် မြို့ပြနှင့်ကိုက်ညီတဲ့အရာရာဟာ ပြီးပြည့်စုံနေတဲ့အချိန် ကျွန်တော်တို့ကျေးလက်တောရွာမှာတော့ မြေသားလမ်းလေးတောင်မှ မရှိဘူးဖြစ်နေပါတယ်။ ကျေးလက်တောရွာအနှံ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ အရမ်းလိုအပ်ပါ

တယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ကျေးလက်နေပြည်သူလူထုများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာမှာလည်းဖြစ်ပါတယ်။ အဓိကတော့ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးစသည့် လူမှုကိစ္စအဝဝတွေလည်း ဖြစ်ပါတယ်။ သာယာကျေးရွာနေပြည်သူလူထုများသည် တောင်ယာနှင့်လယ်ယာများကို အဓိကစိုက်ပျိုးကြပြီး အသက်မွေးဝမ်းကျောင်းပြုနေရပါတယ်။ စိုက်ပျိုးရေးအတွက် များစွာကောင်းမွန်သောကြောင့် လမ်းမရှိသော်ငြားလည်း စားဝတ်နေရေးအတွက်ကြောင့် ဤကျေးရွာကို စိုက်ပျိုးနေထိုင်ခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ သံလွင်မြစ်ကို ရေကြောင်းအဖြစ်သွားလာပြီး သူတို့ရဲ့စိုက်ပျိုးထားတဲ့သီးနှံလေးတွေကို နီးစပ်ရာမြို့ကို တက်ရောင်းကြရပါတယ်။ သူတို့ရဲ့စိုက်ပျိုးသီးနှံကို အချိန်မီရောင်းချနိုင်အောင် ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ တစ်ကြောင်းထိုးမြေသားလမ်းအသစ်ကို ဖောက်လုပ်ပေးလိုက်မယ်ဆိုရင် သာယာကျေးရွာနေပြည်သူလူထုများသည် များစွာပဲလွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်မယ် အမှန်ပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် မြို့ပေါ်မှာ AC လမ်းတွေခင်း၊ ကတ္တရာလမ်းတွေခင်း၊ ကွန်ကရစ်လမ်းတွေခင်း၊ အနိမ့်ဆုံးအမာခံကျောက်ခင်းလမ်း ခင်းနေတဲ့အခိုက် သာယာကျေးရွာကတော့ ရွာချင်းဆက်မြေသားလမ်းလေးတောင် မရှိဘူးဖြစ်နေပါတယ်။ သူတို့ရဲ့ဘဝလေးကို စာနာထောက်ထားပြီး တစ်ကြောင်းထိုးမြေသားလမ်းအသစ်ကို ဖောက်လုပ်ပေးစေချင်ပါတယ်။ သာယာကျေးရွာဟာ သံလွင်မြစ်အရှေ့ဘက် ကမ်းနံဘေးမှာတည်ရှိသော ကျေးရွာလည်းဖြစ်ပါတယ်။ တစ်ချိန်က စစ်ဘေးဒဏ်ကျရောက်သော ကျေးရွာလည်းဖြစ်ပါတယ်။ ယခုဆိုရင် ငြိမ်းချမ်းရေးရောင်နီသန်းလာပြီဖြစ်၍ ပြည်သူလူထုများသည် မိမိတို့ရဲ့ကျေးရွာမှာပြန်လည်ပြီး လုပ်ကိုင်စားသောက်နေကြပြီလည်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့လူနေမှုဘဝမြင့်မားလာရေးအတွက် တစ်ကြောင်းထိုးမြေသားလမ်းအသစ်ကို ဖောက်လုပ်ပေးဖို့အထူးလိုအပ်ပါတယ်။ အကယ်လို့ ရေလမ်းဖြင့် သာယာကျေးရွာကိုသွားမယ်ဆိုရင် နယ်စပ်ကနေ သံလွင်ကမ်းခြေထိ ၃၅ မိုင်သွားရပါတယ်။ သံလွင်ကမ်းခြေရောက်ရင် ဆက်လက်ပြီး သံလွင်မြစ်ကြောင်းအတိုင်း စက်လှေဖြင့် သာယာကျေးရွာကို တစ်မျှော်တစ်ခေါ်ဆန်တက်မောင်းနှင်ပြီးမှသာလျှင် ဒီသာယာကျေးရွာကို ရောက်ရှိပါတယ်။ ကုန်းလမ်းဖြင့် သာယာကျေးရွာကိုသွားမယ်ဆိုရင် မြို့သုံးမြို့ကိုဖြတ်ပြီး သွားရပါတယ်။ ဒါပေမဲ့လည်း ဒီမြို့သုံးမြို့ကိုဖြတ်လို့ မပြီးသေးပါဘူး။ ရွာသစ်မြို့ထဲမှာရှိတဲ့ ဝမ်ဗလကျေးရွာကနေ သံလွင်မြစ်အထိ နောက်ထပ်နှစ်မိုင် ထပ်သွားရပါတယ်။ သံလွင်ကမ်းခြေရောက်ပြီးမှ စက်လှေဖြင့် တစ်ဖက်ကမ်းကို ကူးပြီး သာယာကျေးရွာကို ရောက်ရှိတာပါ။ ဒါလည်း ကုန်းတစ်တန်၊ ရေတစ်တန်သွားရတာပါပဲ။

နွေရာသီတော့အဆင်ပြေပါတယ်။ မိုးရာသီတော့ လုံးဝအဆင်မပြေပါ။ မိုးတွင်းတော့ ရေကြီးရေလျှံဖြစ်သည့်အတွက် သွားရေးလာရေးအန္တရာယ်များလှပါတယ်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတွေ သာယာကျေးရွာကို သွားရောက်တာဝန်ထမ်းဆောင်ရာတွင် သွားရေးလာရေးအရမ်းအခက်အခဲဖြစ်ပါတယ်။ တစ်ကြောင်းထိုးမြေသားလမ်းအသစ်ကို ဖောက်လုပ်ပေးလိုက်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေအတွက်ရော၊ ပြည်သူလူထုအတွက်ရော သွားရေးလာရေးအန္တရာယ် ကင်းရှင်းမှာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေသည် ဒီသာယာကျေးရွာမှာ တာဝန်သွားရောက်ထမ်းဆောင်ရာတွင် အဆင်ပြေပြေနဲ့အန္တရာယ်ကင်းစွာသွားလာနိုင်ဖို့ သာယာကျေးရွာနေပြည်သူလူထုများသည်လည်း အန္တရာယ်ကင်းရှင်းစွာ အဆင်ပြေပြေနဲ့ သွားလာလုပ်ကိုင်စားသောက်နိုင်အောင် ကျွန်တော်တို့ မယ်ဆည်နန်ကျေးရွာနှင့် သာယာကျေးရွာကို တစ်ကြောင်းထိုးမြေသားလမ်းအသစ်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ကျေးလက်နေပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းအား ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့် နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန်ကနေ သာယာကျေးရွာတွင် ရွာချင်းဆက်မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေသွားပါမယ်။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ သာယာကျေးရွာက သစ်တောဧရိယာအတွင်းမှာပါဝင်လျက်ရှိပါတယ်။ သစ်တောဧရိယာက ပယ်ဖျက်ပြီးတော့ ပြည်ထဲရေးအမည်ပေါက်ရန် ဆောင်ရွက်လျက်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ကြောင်းလည်း ကျွန်တော်တို့သိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မယ်ဆည်နန်ကျေးရွာနှင့် သာယာကျေးရွာမှာ လမ်းပေါက်သေးခြင်းမရှိသည့် ၇၅ မိုင်ကွာဝေးသော လမ်းကြောင်းသစ်ဖြစ်ကြောင်းနှင့် လမ်းကြောင်းသစ်မှာ အခြားကျေးရွာတို့နဲ့ ဆက်စပ်မှုမရှိဘဲနဲ့ သာယာကျေးရွာရှိ အိမ်ခြေ ၃၃ လုံးနှင့် လူဦးရေ ၁၆၈ ဦးကိုသာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ သာယာကျေးရွာသို့သွားရာမှာ လက်ရှိအသုံးပြုလျက်ရှိတဲ့လမ်းမှာ ဘောလခဲမြို့နယ်၊ ၎င်းကနေ ရွာသစ်၊ ရွာသစ်ကနေ ဝမ်ဗလလမ်းရဲ့ မိုင်တိုင်(၄/၇)ဖာလုံမှ သံလွင်မြစ်ကမ်းအထိ တစ်မိုင်လေးဖာလုံအကွာအဝေးကို သွားရောက်ပြီး ၎င်းက

နေတစ်ဆင့် သံလွင်မြစ်ကို စက်လှေဖြင့်ဖြတ်ကူးပြီးတော့ သာယာကျေးရွာကို သွားရောက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ထိုကဲ့သို့ သာယာကျေးရွာကိုသွားရန် အသုံးပြုလျက်ရှိတဲ့ ရွာသစ်-ဝမ်ဗလကျေးရွာချင်းဆက်လမ်းနှင့် သာယာကျေးရွာသွားလမ်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုပြည်နယ်ရန်ပုံငွေတို့ဖြင့် မြေလမ်း ၁၂ မိုင်၊ ကျောက်လမ်း ၁၀ မိုင်သုံးဖာလုံနဲ့ ကတ္တရာလမ်းတစ်မိုင်သုံးဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စုရန်ပုံငွေတွင်လည်း ရွာသစ်-ဝမ်ဗလလမ်း ကျောက်ခင်းခြင်းငါးဖာလုံနှင့် ရွာသစ်- ဝမ်ဗလလမ်းမှ သံလွင်မြစ်ကမ်းအထိ လမ်းပိုင်းအတွက် ကျောက်လမ်းတစ်မိုင်သုံးဖာလုံ စုစုပေါင်းကျောက်လမ်းနှစ်မိုင်တို့ကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုနှင့်နန်မန်းကျေးရွာအုပ်စုကြားရှိ မယ်ဆည်နန်ကျေးရွာနှင့်သာယာကျေးရွာ ရွာချင်းဆက်မြေသားလမ်းအသစ်ဖောက်လုပ်ပေးရေးနှင့်စပ်လျဉ်းပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သာယာကျေးရွာသို့သွားလာရာတွင် လက်ရှိအသုံးပြုနေတဲ့ ရွာသစ်-ဝမ်ဗလလမ်းနှင့် သံလွင်မြစ်ထိသွားတဲ့လမ်းကိုကျောက်ချောလမ်းအဆင့်ထိ ဆောင်ရွက်ထားရှိပြီးဖြစ်ခြင်း၊ ၇၅ မိုင်ခန့်ကွာဝေးတဲ့ မယ်ဆည်နန်-သာယာကျေးရွာချင်းဆက်လမ်းကြောင်းသစ်အား အခြားကျေးရွာများနှင့် ဆက်စပ်မှုမရှိဘဲနှင့် သာယာကျေးရွာတစ်ရွာ၊ အိမ်ခြေ ၃၃ လုံး၊ လူဦးရေ ၁၆၈ ဦးသာအကျိုးပြုနိုင်မယ့် လမ်းကြောင်းဖြစ်ခြင်းတို့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးငါးနှစ်စီမံကိန်းလျာထားချက်မှာ လျာထားစီမံပေးရန် မသင့်သေးပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားပြန်ကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ခုနက ဒုတိယဝန်ကြီးဖြေသွားတာကတော့ သာယာကျေးရွာဟာ သစ်တောမြေဧရိယာထဲလို့ ပြောပါတယ်။ ပြည်ထဲရေးအမည်မပေါက်ဘူးလို့လည်း ပြောပါတယ်။ ပြည်ထဲရေးအမည်ပေါက်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၄ ခုနှစ်က ပြည်ထဲရေးအမည်ပေါက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုနကတုန်းက စစ်ဘေးဒဏ်ကြောင့် ဒီကျေးရွာကလူထုတွေ ထွက်ပြေး

တိမ်းရှောင်ပြီး သူတို့ရဲ့အိုးအိမ်လေးတွေကိုချန်ခဲ့ရတာပါ။ ဒုတိယဝန်ကြီး ဖြေသွားတဲ့ အတိုင်း လက်ရှိ မယ်စဲ့ကနေ သာယာကျေးရွာကိုသွားရင် ဖားဆောင်းလည်းဖြတ်ရတယ်။ ဘော်လခဲလည်းဖြတ်ရတယ်။ ရွာသစ်မြို့ကိုလည်းဖြတ်ပြီး ဝါးပလားကျေးရွာရောက်မှ သံလွင်မြစ် ဟိုဘက်ကမ်းကို ကူးရပါတယ်။ အဲဒီလိုကူးရတဲ့အနေအထားမှာ ကျွန်တော်တို့က ဘာတွေကြုံတွေ့နေရ လဲဆိုရင် မိုးတွင်းကာလမှာ အရမ်းအန္တရာယ်များလို့ ကျွန်တော်က ဒီကျေးလက်လမ်းကို တောင်းဆိုခြင်းလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က လက်ရှိဖြတ်သန်းနေရတာက ဘောလခဲမြို့၊ ဘောလခဲခရိုင်ကို ဖြတ်သန်းနေရတာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ အတင်းအဓမ္မတောင်းဆိုခြင်းလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့လက်ရှိမြေပြင်အနေအထားမှာ မိုးတွင်းကာလမှာ အန္တရာယ်ရှိတဲ့အတွက် ကြောင့်မို့ ဒီလမ်းလေးကိုတောင်းဆိုခြင်းဖြစ်ပါတယ်။ တကယ်လို့ ငါးနှစ်စီမံကိန်းထဲမှာ လျာထားခြင်း မရှိသော်ငြားလည်း နောင်လာမယ့်နှစ်တွေမှာရော လျာထားခြင်းရှိလားဆိုတဲ့အစီအစဉ်ရှိ/မရှိ ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အဲဒီတော့ ကျွန်တော်တို့က ကယားပြည်နယ်အစိုးရရဲ့ ဖြေကြားချက်မှာတော့ လောလောဆယ်လျာထားပေးနိုင်ခြင်း မရှိသေးဘူးဆိုပြီး သူကဖြေထားပါတယ်။ ဒါပေမဲ့ ဖြေကြားချက်နဲ့ပတ်သက်ပြီးတော့လည်း ကယားပြည်နယ်အစိုးရအဖွဲ့နဲ့ လက်ရှိလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တွေ့ကြုံနေရတဲ့ အခက်အခဲနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**ဗန်းမောက်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှစီမံဆောင်ရွက်နေသော စာခမ်း-ဟော်ယောလမ်း ကျောက်ချောလမ်းခင်းခြင်း ငါးမိုင်အား ပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာန စီမံဆောင်ရွက်ခွင့်ရှိတဲ့ စာခမ်း-ယော်ယော ကျောက်ချောလမ်းငါးမိုင်အား ပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ဗန်းမောက်မြို့နယ်အတွင်း စာခမ်း-ယော်ယောလမ်း ၁၅ မိုင်အနက် ငါးမိုင်ကျောက်ခင်းလမ်းကို ၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ၃၄၅.၃၅ သန်းဖြင့် ခွင့်ပြုခဲ့ပါတယ်။ မိုးဇမ္ဗူအောင်ကုမ္ပဏီက လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်သည်ကို တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ် မတ်လမှာ ၂၃ ရာခိုင်နှုန်းခန့်ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်က ၉-၅-၂၀၁၈ ရက်နေ့မှာ ဗန်းမောက်မြို့နယ်အတွင်း စီမံကိန်းများဆောင်ရွက်မပြီးခြင်းကိစ္စအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စာရေးတင်ပြခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်ပြီးဆုံးတဲ့အချိန်မှာ မေးခွန်းမေးမြန်းချိန်ထိ လမ်းပိုင်းရဲ့ ၄၅ ရာခိုင်နှုန်းခန့်သာ ပြီးစီးခဲ့ပါတယ်။ လာရောက်ဆောင်ရွက်ခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ရုံးသို့ မေးခွန်းမေးမြန်းပြီးတော့ မဲဆန္ဒနယ်သို့ အပြန်ကျမှပဲ အပြေးအလွှားလာရောက်ပြီးတော့ ဆောင်ရွက်တာတွေ့ရပါတယ်။ ၂၅-၂-၂၀၁၉ ရက်နေ့ထိ ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ ငါးမိုင်အနက်မှာ (၀/၀)မိုင်မှ (၃/၀)မိုင်အထိ **ဟာက်ကီရာ**အတွင်း နှစ်လက်မ၊ လေးလက်မ ကျောက်နဲ့ခင်းပြီးတော့မှ ကျန်အပိုင်းများကိုမြေသားဖြင့် ယခုအချိန်ထိရှိနေတုန်း ဖြစ်ပါတယ်။ တင်ဒါစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နေသဖြင့် ပြင်းထန်စွာအရေးယူသင့်ပါတယ်။ ယခုကဲ့သို့ ကုမ္ပဏီများ နယ်စပ်ရေးရာဝန်ကြီးဌာန၏တင်ဒါလုပ်ငန်းများမှာဆောင်ရွက်စေခြင်းအားဖြင့် ဌာန၏ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သောကြောင့် မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ တင်ဒါအောင်ကုမ္ပဏီ မိုးဇမ္ဗူအောင်ရဲ့ ဆောင်ရွက်နေတဲ့ ဆိုင်းဘုတ်လေးဖြစ်ပါတယ်။ ၁၇-၃-၂၀၁၈ ရက်နေ့မှာ အရည်အသွေးစစ်အဖွဲ့က သွားရောက်စစ်ဆေးတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့

ကျွန်တော်လူထုတွေ့ဆုံပွဲတွေ သွားရောက်တဲ့အချိန်မှာတွေ့ရှိရတဲ့ပုံ မှတ်တမ်းတင်ထားတင်ထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ဆောင်ရွက်နေဆဲ မှတ်တမ်းတင်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါက ၂၅-၂-၂၀၁၉ ရက်နေ့မှာ ကျွန်တော်တို့ရိုက်ထားတဲ့ပုံဖြစ်ပါတယ် ဒါကလွန်ခဲ့တဲ့ နှစ်ရက်က ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါ ၃ မိုင် အတွင်းမှာ ကျွန်တော်တို့ မြေသားလမ်းဖြင့် ဖြစ်နေတာရှိပါတယ် ဒါကဆောင်ရွက်နေဆဲပုံဖြစ်ပါတယ်။ ဒါက ဟော်ရောရွာအနီးမှာ ကျွန်တော်တို့ လမ်းခင်းပြီးပုံဖြစ်ပါတယ်။ ဒါကမေးမြန်းလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ စစ်တိုင်းဒေသကြီး ဗန်မောက်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံဆောင်ရွက်နေတဲ့ စာခမ်း-ဟော်ယောလမ်း ကျောက်ချောလမ်းခင်းခြင်း ငါးမိုင်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်၊ မရှိပါကအဘယ်ကြောင့်နည်းစပ်လျဉ်းမေးခွန်းနှင့်ပက်သတ်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းသွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းမှာ စာခမ်း-ဟော်ယောလမ်းငါးမိုင် ကျောက်ခင်းခြင်းလုပ်ငန်းဟာ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ ငွေပမာဏနေနဲ့တော့ ၃၂၆.၃ သန်းနဲ့ ဆောင်ရွက်ပြီးတော့ မိုးဇမ္ဗူအောင်ကုမ္ပဏီကတင်ဒါအောင်မြင်ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျောက်ခင်းခြင်းငါးမိုင်နဲ့စပ်လျဉ်းပြီးတော့ ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့ ၂၀-၁-၂၀၁၈ ကနေပြီးတော့ ၂၅-၆-၂၀၁၈ ရက်နေ့အထိ အောက်ခံမြေသားလမ်းပြုပြင်ခြင်း၊ အချောသပ်ကျောက်ခင်းခြင်း ၂ မိုင် ၂ ဖာလုံ ၂ လက်မ ၄ လက်မ ၊ ကျောက်ခင်းခြင်း၂ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ကျောက်ခင်းရန် ၂ မိုင် ၄ ဖာလုံကျန်ရှိတယ်လို့လည်း ကျွန်တော်တို့ သိရှိရပါတယ်။ ကျောက်ကွင်းမှာ ကျောက်ကျင်း ၇၀ ခန့် စုပုံထားရှိပြီး လုပ်ငန်းတစ်ခုလုံးရဲ့ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း တင်ပြချက်အရ

သိရှိရပါတယ်။ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းနေရာအနီးမှာရှိတဲ့ကျောက်များဟာ သက်တမ်းနုပါတယ်။ သက်တမ်းနုတဲ့အတွက် ပိုမိုကောင်းမွန်တဲ့ကျောက်များ ရရှိနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့်နေရာနှင့် ၁၅ မိုင်ခန့်ကွာဝေးတဲ့နေရာမှ သယ်ဆောင်ရပါတယ်။ ကျောက်သယ်ယူပို့ဆောင်ရာမှာ မိုးတွင်းကာလ၌ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ခြင်းများ ရပ်ဆိုင်းထားရခြင်းဖြစ်ကြောင်းကိုလည်း စိစစ်သိရှိရပါတယ်။ မိုးဇမ္ဗူအောင်ကုမ္ပဏီကနေပြီးတော့ ပွင့်လင်းရာသီချိန်ရောက်ရှိချိန်မှ ကျောက်စုပုံခြင်း၊ အောက်ခံမြေသားလမ်း ပြုပြင်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စာခမ်း-ဟော်ယောလမ်း ငါးမိုင်ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုမ္ပဏီဒါရိုက်တာ ဦးမိုးဇက်တိုက်အောင်မှ ကတိဝန်ခံချက်ပြုပြီးတော့ ကျွန်တော်တို့ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့ရဲ့ အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းပြီးပြတ်အောင် မျက်ခြေမပျက် တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစောကလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဟာကလည်း မပြီးသေးဘူးဆိုတာကလည်း တင်ပြသွားတာတွေ့ရှိရတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပက်သက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ကတော့ သက်မှတ်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုးဇမ္ဗူအောင်ကုမ္ပဏီအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ နောင်ပြုလုပ်မယ့် တင်ဒါလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခွင့်ကို ကျွန်တော်တို့ ပိတ်ပင်သွားမှာဖြစ်ပါတယ်။ ကတိဝန်ခံချက်အတိုင်း ၂၀၁၉ ဖေဖော်ဝါရီလဆိုရင် ကျွန်တော်တို့ မနက်ဖြန်ဆို ပြီးပါပြီ။ ဒီအတွင်းမှာ ပြီးစီးမှုမရှိပါက ကုမ္ပဏီနှင့် ဒါရိုက်တာ အဖွဲ့ဝင်အားလုံးကို black List ကြေညာ၍ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးကနေ ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ စီမံကိန်းများကို အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ သတ်မှတ်ရက်အတွင်းမပြီးစီးဘူးဆိုရင် မူလသတ်မှတ်ရက်ကနေပြီးတော့မှ ရက်ပေါင်း ၃၀ ကို နောက်ကျရက်အဖြစ် သတ်မှတ်ပြီးတော့

တစ်ရက်အတွက် ရက်လွန်ကြေး၊ ဒဏ်ကြေးအဖြစ် ဆောင်ရွက်ရန်ကျန်ရှိတဲ့လုပ်ငန်း တန်ဖိုးရဲ့ ၀.၀၁ ရာခိုင်နှုန်းကို ပေးဆောင်ရတာဖြစ်ပါတယ်။ နောက်ကျရက် ၃၀ ရက်ထက်ကျော်လွန်ရင် ကုမ္ပဏီ အမည်ပျက်စာရင်းသွင်းရန်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်ကို သဘောတူပါတယ်။ နောက်ကျကြေး၊ ဒဏ်ကြေးများကိုလည်း Performance Guarantee က နေပြီးမှ ဖြတ်တောက်ရမယ်လို့ ဒီလုပ်ငန်းဆောင်ရွက်သူတွေနဲ့ စာချုပ်ချုပ်တဲ့အခါမှာ ချုပ်ဆိုလေ့ ရှိကြပါတယ်။ ဒါဟာ နောက်မကျစေရန်အတွက် ဆောင်ရွက်လျက်ရှိကြပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ဆက်စပ်မေးခွန်းအနေနဲ့ ဒီဘဏ္ဍာငွေကို တစ်နှစ်ကနေ နောက်တစ်နှစ်ပြောင်းပြီးတော့မှ ဆောင်ရွက်ခြင်းဟာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်ပါသလား။ နောက် ကုမ္ပဏီအား အမည်ပျက်စာရင်းသွင်းရန်အစီအစဉ်ရှိပါသလား။ ယခုဖြစ်စဉ်မှာ ကြီးကြပ်မှု၊ စစ်ဆေးမှုအားနည်း ရတဲ့အတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး တာဝန်ရှိသူများကို မည်သို့ကြပ်မတ်အရေးယူသွားမည် ကိုသိရှိလိုပါကြောင်း တစ်ဆက်စပ်တည်းမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြဆွေးနွေးသွားတာကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေကြားလိုတာကတော့ ကျွန်တော်တို့ဆီမှာ ဘတ်ဂျက်နှစ်ခုရှိပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ရှိပါတယ်။ တိုင်းဒေသကြီးရဲ့ ပြည်နယ်ဘတ်ဂျက်ဆိုတာရှိပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းသည်လည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ပြည်နယ်ဘတ်ဂျက်ကနေ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့တော့ ဆောင်ရွက်တဲ့လုပ်ငန်းမဟုတ်ပါဘူး။ အစောကထောက်ပြသွားသလိုပဲ။ ဒီကုမ္ပဏီက သတ်မှတ်ရက်အတွင်းမှာ မပြီးဘူးဆိုလို့ရှိရင် ပြည်နယ်အစိုးရကပဲ အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကလည်း သူကတစ်ရက်တစ်ရက်ကျော်သွားလို့ရှိရင်လည်း စာချုပ်မှာ သတ်မှတ် ချက်တွေရှိပါတယ်။ ဒါကလည်း စာချုပ်ဆိုတာနိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့စာချုပ်မှာ ဘယ်လောက် အရေးယူရမလဲဆိုတာလည်း အကုန်ရှိပြီးသားပါ။ နောက်တစ်ခု ဒီကုမ္ပဏီကိုလည်း ဒီအတိုင်းဆိုလို့ ရှိရင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အစောကတင်ပြသလိုပဲ။ သူ့ကို Black List သွင်းပါ မယ်။ သွင်းပြီးလို့ရှိရင် စည်းမျဉ်းစည်းကမ်းအတိုင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါ

ကြောင်း ဖြေကြားခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရဲ့နောက်ဆက်တွဲမေးခွန်းအပေါ်မှာ ဆက်လက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေး မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားများနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

ပြည်ထောင်စုဝန်ကြီးကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ ဒီကနေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကို လွှတ်တော်ကို တင်သွင်းရတဲ့ရည်ရွယ်ချက်များကတော့ (၁)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မဟာဗျူဟာမူဘောင်(၅) ရပ်ပေါ်အခြေခံ၍ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍတို့နှင့် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်မှသာ ကျေးလက်နေပြည်သူများအနေဖြင့် ရေရှည်ဖွံ့ဖြိုးမှုအသီးအပွင့်ကို ရရှိခံစားနိုင်စေရန်၊ (၂)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (၃) မြို့ပြနှင့်ကျေးလက် လူမှုစီးပွားအဆင့်အတန်းကွာဟချက် ကျဉ်းမြောင်းလာစေရန်၊ (၄) ရရှိနိုင်သောလူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်စွာ အကျိုးရှိစွာအသုံးချနိုင်ရန်၊ (၅) ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော အဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ (၆) ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးအသုံးချနိုင်ရန်၊ (၇) ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၉၆ ဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းတွင် မပါရှိခြင်းအတွက်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားချက်အရ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဤဥပဒေကို စတင်ရေးဆွဲရခြင်းဖြစ်ပါတယ်။ အဆိုပါကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတွင် ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ ကျေးလက်

ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း၊ ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း တို့ကို ထည့်သွင်းရေးဆွဲထားပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်း နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ တာဝန်ရှိသူများနှင့် အစည်းအဝေးခုနစ်ကြိမ်ပြုလုပ်ခဲ့သလို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးပို့လာသော အကြံပြုချက်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ပထမ ဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များကိုအခြေခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း (မူကြမ်း)ကိုရေးဆွဲပြီးဖြစ်ပါသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်သွင်းအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ကျေးလက်ဒေသဖွံ့ဖြိုး တိုးကတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၅၂

ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၃၃)/ပထစ-၂၀၁၈

၁။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပေးပို့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာဆွေးနွေးနိုင်ဖို့ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၁၄-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၃၃)/ ပထစ-၂၀၁၈ နှင့်ပေးပို့လာပါတယ်။

၂။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်

များနဲ့ ကျိုးကြောင်းဖော်ပြချက်များအပေါ်အခြေခံပြီး ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီအချက်တွေကတော့

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မဟာဗျူဟာမူဘောင်(၅)ရပ်အပေါ်အခြေခံ၍ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍတို့နှင့် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်မှသာ ကျေးလက်နေပြည်သူများအနေဖြင့် ရေရှည်ဖွံ့ဖြိုးမှုအသီးအပွင့်ကို ရရှိခံစားနိုင်စေရန်၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) မြို့ပြနှင့်ကျေးလက်လူမှုစီးပွားရေးအဆင့်အတန်း ကွာဟချက်ကျဉ်းမြောင်းလာစေရန်၊

(ဃ) ရရှိနိုင်သောလူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာအသုံးချနိုင်ရန်၊

(င) ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသောလူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(စ) ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးအသုံးချနိုင်ရန်၊

(ဆ) ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့် ပုဒ်မ ၉၆ ပါဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းတွင် မပါရှိပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။

၃။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၁-၂-၂၀၁၉ ရက်(ကြာသပတေးနေ့)မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့်

အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၅-၂-၂၀၁၉ ရက်(တနင်္လာနေ့)မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာမှာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ၎င်းပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၅၂

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၃)/ ပထစ - ၂၀၁၈

၁။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မဟာဗျူဟာမူဘောင်(၅)ရပ်အပေါ်အခြေခံ၍ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့အစည်းများ ပုဂ္ဂလိကအခန်းကဏ္ဍတို့နှင့် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်မှသာ ကျေးလက်နေပြည်သူများအနေဖြင့် ရေရှည်ဖွံ့ဖြိုးမှုအသီးအပွင့်ကို ရရှိခံစားနိုင်စေရန်၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ဂ) မြို့ပြနှင့်ကျေးလက် လူမှုစီးပွားအဆင့်အတန်း ကွာဟချက် ကျဉ်းမြောင်းလာစေရန်၊

(ဃ) ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုး ရှိစွာ အသုံးချနိုင်ရန်၊

(င) ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(စ) ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးအသုံးချနိုင်ရန်၊

(ဆ) ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်လာ စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၉၆ ပါဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းတွင် မပါရှိပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း များကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၁-၂-၂၀၁၉ ရက်(ကြာသပတေးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသား များ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်လည်းကောင်း၊ ၂၅-၂-၂၀၁၉ ရက် (တနင်္လာနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက် ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား

ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတွင် အခန်း(၁၂)ခန်းနှင့် အပိုဒ်ပေါင်း ၄၈ ပိုဒ် ပါရှိပါသည်။

(ခ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ အခြေခံအဆောက်အအုံများ ဆိုသည်မှာဆိုသည့် စကားရပ်ကို အခြေခံအဆောက်အအုံ ဆိုသည်မှာဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ရှိ ရရှိနိုင်သော လူ့စွမ်းအားနှင့်ဆိုသည့် စကားရပ်ကို ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် ရရှိနိုင်သော လူ့စွမ်းအားနှင့်ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(စ)နှင့်(ဆ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းတိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းနှင့် တံတားများတည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) အခန်း (၃) အပိုဒ် ၄ ခြေဆင်းကို အစိုးရအဖွဲ့သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဆ) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြ ခြင်း၊

(ဂ) အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တိုနှင့်နှစ်ရှည် စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊

(ဇ) အဆိုပြုပြဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ (ဈ) ကို ပယ်ဖျက်ပါသည်။

(ဈ) အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ရှိ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲ၍ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ) ခေါင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ် ကိုယ်ရေ သန့်ရှင်းရေးနှင့် လေကောင်းလေသန့်ရရှိရေး၊

(ဋ) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၆)ရှိ အစိုးရဌာန ၊ အဖွဲ့အစည်းများဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများဟု ပြင်ဆင်၍ ယင်းအပိုဒ် ၆ ရှိ အစိုးရဌာန ၊ အဖွဲ့အစည်းများဆိုသည့် စကားရပ်ကို

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများဟု အသီးသီးပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၆ အပိုဒ်ခွဲ(ဆ) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ကျေးလက်ဒေသများတွင် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များ အတွက်-

(၁) ကာကွယ်တုံ့ပြန် ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးကူညီဆောင်ရွက်ခြင်း၊”

(ဍ) အပိုဒ် ၆ အပိုဒ်ခွဲ(ဍ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဍ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊

(ဎ) အပိုဒ် ၆ အပိုဒ်ခွဲ(တ)နှင့် (ထ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) နိုင်ငံတကာအဖွဲ့အစည်းများက ပြည်တွင်း၌ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ရှိ သဘောတူညီချက်လက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း ဆိုသည့်စကားရပ်ကို သဘောတူညီချက်ပြုလုပ်၍ ဆောင်ရွက်စေခြင်းဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၇ အပိုဒ်ခွဲ(င)ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ဟု ပြင်ဆင်ပါသည်။

(ထ) အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(င)အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၉ အပိုဒ်ခွဲ(က)နှင့် (ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြပိုင်ခွင့်၊

(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များ တောင်းခံရယူခွင့်နှင့် လွတ်လပ်စွာ ဝေဖန်အကြံပြု ဆွေးနွေးတင်ပြခွင့်၊

(ဓ) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအတွက် သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန်၊

(န) အပိုဒ် ၉ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ(င) ပါဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(ဃ)ပါဟု ပြင်ဆင်ပါသည်။

(ပ) အခန်း(၆) အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)ရှိ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ အပါအဝင်ဆိုသည့် စကားရပ်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အပါအဝင်ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၁၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ ဦးစီးဌာနသည်-

(က) ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခ ကြေးငွေဖြင့်ဖြစ်စေ၊အခမဲ့ ဖြစ်စေ ရေပေးဝေခွင့်ပြုနိုင်သည်။

(ခ) ကျေးရွာရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကော်မတီကို ဖွဲ့စည်း၍ ရေရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး ကုန်ကျစရိတ်များ အပါအဝင် ရေခကောက်ခံခြင်း၊ သာမန်ထိန်းသိမ်းပြုပြင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်စေနိုင်သည်။

(ဗ) အပိုဒ် ၁၂ ရှိ လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီဆိုသည့် စကားရပ်ကို လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းလျက် သတ်မှတ်ချက် များနှင့်အညီဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၁၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ ဦးစီးဌာနသည် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာ ရေရရှိရေးကော်မတီဖွဲ့စည်း၍ ရေအရင်းအမြစ်နှင့် ရေပေးဝေရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချခွင့်ရရှိရေးအတွက် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

(မ) အပိုဒ် ၁၄ ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန်ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန်ဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ရှိ ကျေးရွာရေရရှိရေး ဆောင်ရွက်ထားသောဆိုသည့် စကားရပ်ကို ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ထားသောဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ပိတ်ပင်တားမြစ်ခြင်းပြုလုပ်နိုင်သည်ဆိုသည့် စကားရပ်ကို တားမြစ်ခြင်းပြုလုပ်နိုင်သည်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ရ) အပိုဒ် ၁၆ ရှိ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင် များနှင့်ညှိနှိုင်း၍ဆိုသည့် စကားရပ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ

အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့်ညှိနှိုင်း၍ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)(ခ) နှင့်(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ ဦးစီးဌာနသည် ကျေးလက်ဒေသနေ ပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အထများကျင့်သုံးလာစေရေးအတွက် သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့်ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လေကောင်းလေသန့်ရရှိရေးဆိုင်ရာ ကောင်းမွန်သော အလေ့အထများ ကျင့်သုံးလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊

(ခ) ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်ထွက်ရှိမှုကို လျှော့ချခြင်း၊ အမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ ပြန်လည် အသုံးပြုနိုင်သည့် အမျိုးအစားနှင့် အသုံးမပြုနိုင်သည့် အမျိုး အစား ခွဲခြားခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက် ခြင်း၊

(ဂ) ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဆိုးများကို စနစ်တကျ ဘေး ကင်းစွာစွန့်ပစ်ခြင်း သို့မဟုတ် ဘေးကင်းအောင် သန့်စင်စေ၍ ပြန်လည် အသုံးပြုခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံး ဆောင်ရွက်ခြင်း။

(ဝ) အပိုဒ် ၁၈ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) ကျေးလက်ဒေသရှိ နေအိမ်များ၊ အဆောက်အအုံများတွင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် လျော့နည်းသက်သာစေရေးအတွက် အသိပညာပေး ဆောင်ရွက်စေခြင်း၊

(သ) အခန်း(၇) အပိုဒ် ၁၉ ကို အပိုဒ် ၁၉ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၁၉။ ဦးစီးဌာနသည် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ရာ တွင်-

(က) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဟ) အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၁၉ အပိုဒ်ခွဲ က)ကို ပယ်ဖျက်ပါသည်။

(ဠ) အပိုဒ် ၂၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။(က) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းကို ဆောင်ရွက်လိုသူ သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိလိုသူသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီး ဌာနသို့ သတ်မှတ်ချက်များနှင့်အညီတင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူက ဦးစီးဌာနနှင့် ကျေးရွာ မီးလင်းရေးကော်မတီတို့၏ သဘောတူညီချက်ဖြင့် သတ်မှတ် ထားသော လျှပ်စစ်ဓာတ်အားခ ကောက်ခံနိုင်ရေးအတွက် လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ရရှိသူသည် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီ ရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်စေရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

(အ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပါဝင်ပါက လျှပ်စစ်ဓာတ်အားခ ကောက်ခံခွင့် သတ်မှတ်ကာလ ကုန်ဆုံးပါက-

( - ) အခန်း(၈) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိစေရေး၊ လေဝင်လေထွက်ကောင်းမွန်စေရေး နှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊

( - ) အပိုဒ် ၂၄ နှင့် ၂၇ တို့ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီးဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၉) အပိုဒ် ၂၈ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)ခေါင်းစဉ်တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ဦးစီးဌာနသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ နိုင်ငံတကာအစိုးရ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ ထောက်ပံ့လှူဒါန်း ငွေတို့ဖြင့် အရင်းမပျောက် မတည်ရန်ပုံငွေကို ထူထောင်ရမည်-

( - ) အပိုဒ် ၂၉ ရှိ ကြပ်မတ်ကွပ်ကဲ စစ်ဆေးဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ကို ကြပ်မတ်ကွပ်ကဲစစ်ဆေးရမည်ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၀) အပိုဒ် ၃၂ ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အခန်း(၁၁) အပိုဒ် ၃၇ ကို အထွေထွေအခန်းသို့ အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြောင်းလဲ ပြင်ဆင်ပါသည်-

၄၄။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာပစ္စည်း သို့မဟုတ် ငွေကြေးကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူ ရမည်။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို တာဝန်အရ အကောင်အထည်ဖော် ဆောင်ရွက်သူအား-

(က) ရာဇဝတ်မကင်းသောအနိုင်အထက်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊

ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်ပါပြဌာန်းချက်တစ်ရပ်ရပ်ကိုဆိုသည့် စကားရပ်ကို စည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၂) အပိုဒ် ၄၀ ကို အပိုဒ် ၃၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကြီးကြပ်မှုကော်မတီသည်ဆိုသည့်စကားရပ်ကို ဦးစီးဌာနသည်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၂ ကို အပိုဒ် ၄၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးမှဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများကဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၃ ကို အပိုဒ် ၄၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ငွေကြေးနှင့်ပစ္စည်းသုံးစွဲမှုနှင့်ဆိုသည့် စကားရပ်ကို ငွေကြေး၊ ပစ္စည်းသုံးစွဲမှုနှင့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၄ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်ဆိုသည့်စကားရပ်ကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၅ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၄၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၈ နှင့် ၃၉ တို့ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၃၇ နှင့် ၃၈ တို့ပါဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေများဆိုသည့် စကားရပ်ကို နည်းဥပဒေဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၃-၂၀၁၉ ရက်(သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက် စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ (၂၁-၁-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင် ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေး မည့်ကိုယ်စားလှယ် ကိုးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ၂၁-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း၏ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင်စိုက်ပျိုးရေး လုပ်ငန်းဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပြီး အောင်မြင်မှုများစွာရရှိနေသော နိုင်ငံများစွာရှိကြ ပါတယ်။ ၎င်းတို့၏ နည်းပညာ၊ နည်းစနစ်မြင့်မားမှုကြောင့် စိုက်ပျိုးထုတ်လုပ်သည့်ထုတ်ကုန်များ အပေါ် ကောင်းစွာထိန်းချုပ်နိုင်ကြပြီး အများစုနှစ်သက်လက်ခံနိုင်သည့် စံနှုန်းအထိ ထုတ်လုပ်နိုင်ကြ ကြောင်း တွေ့ရှိရပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်လည်း ဈေးကွက်များအတွင်းမှာ မျက်နှာပန်း လှကြပါတယ်။ ဒီလိုအောင်မြင်မှုများစွာရဲ့ အဓိကသော့ချက်ဟာ နည်းပညာနှင့်မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုး တက်မှုကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့သစ်သီးဝလံကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ပင်မ အရင်းအမြစ်များအပေါ် ထောက်ပံ့ဆောင်ရွက်ပေးပါရန် ပြည်သူ့လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းခဲ့ဖူးသဖြင့် ယခုနိုင်ငံတော်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ် တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအဆိုအပေါ် ပါဝင်ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးအောင်ကြည်သိန်း အနေဖြင့် နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့်

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချက်ပေါင်း ၁၇ ချက်ဖြင့် တိုက်တွန်းနှိုးဆော်ထားတာကို တွေ့ရှိရပါတယ်။ အဓိကအချက်ကတော့ အရည်အသွေးကောင်းမျိုးစေ့နှင့် မျိုးပွားအစိတ်အပိုင်းများကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲလာနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့ပဲ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ မျိုးရိုးဗီဇပြုပြင်ခြင်းဖြင့် စိုက်ပျိုးသီးနှံများ ရာခိုင်နှုန်း ၄၀ ထိ အထွက်တိုးရန်သိပ္ပံပညာရှင်များကြိုးပမ်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးသီးနှံများ အထွက်တိုးရန်အတွက် ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများနှင့် အခြားစိုက်ပျိုးရေးနည်းစနစ်များကို ခေတ်အဆက်ဆက်က အသုံးပြုခဲ့ကြသော်လည်း ဤနည်းပညာရပ်များသည် ထူခြားသည့် တိုးတက်ပြောင်းလဲမှုများရရှိနိုင်ဖွယ်မရှိသဖြင့် အပြည်ပြည်ဆိုင်ရာစီမံကိန်းတစ်ခု၏ အစိတ်အပိုင်းဖြစ်သည့် သီးနှံများမျိုးရိုးဗီဇပြုပြင်ပြောင်းလဲဆောင်ရွက်ကြခြင်းကို ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ နိုင်ငံမှာတော့ အိမ်နီးချင်းနိုင်ငံတွေက ထိုးဖောက်ဝင်ရောက်တဲ့ အရည်းအသွေးမြင့်မျိုးစေ့များကိုသာ တောင်သူများအဓိကအားကိုးနေရပါတယ်။ ယနေ့ တောင်သူများ အဓိကအားကိုးစိုက်ပျိုးနေသော ဖရဲ၊ အစေ့ထုတ်ပြောင်း၊ တစ်နိုင်ငံလုံးကို အသုံးပြုနေသည့် အင်းလေးဒေသမှ ခရမ်းချဉ်သီးတို့မှာ ပြည်ပနိုင်ငံများမှ မျိုးစေ့များပဲဖြစ်ကြပါတယ်။ မီးဖိုချောင်သီးနှံအုပ်စုမှာလည်း ပြည်ပမျိုးစေ့များသာ အားကောင်းနေကြပါတယ်။ ကျွန်တော်တို့ တောင်ပေါ်ဒေသမှာတော့ ပဲပုတ်၊ နှမ်းနှင့်စပါးအချို့လောက်ကိုသာ စိုက်ပျိုးရန်မျိုးပြန်ခံနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာကဏ္ဍမှာ ဆန်၊ စပါးထုတ်လုပ်ရေးကို အဓိကအားဖြင့် မိုးရာသီတွင်စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေစပါးကို မိုးကုန်ကာလများတွင် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ မှတ်တမ်းများအရ စပါးတစ်ဧကအထွက်နှုန်းဟာ ၁၉၆၀ ခုနှစ်ဝန်း ကျင်မှာ ၃၂.၆၁ တင်း၊ ၁၉၇၀ ခုနှစ်ဝန်းကျင်မှာ ၃၂.၉၂ တင်း၊ ၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ၅၃.၈၀ တင်း၊ ၁၉၉၀ ခုနှစ်ဝန်း ကျင် ၅၆.၅၇ တင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၇၅.၄၉ တင်းအထိ တဖြည်းဖြည်းတိုးတက် ကောင်းမွန်စွာ ထုတ်လုပ်ဆောင်ရွက်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ ၁၉၇၆ -၁၉၇၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တစ်မြို့နယ်လုံးစပါးအထူးအထွက်တိုးရေး အစီအစဉ်များချမှတ်ပြီးတော့မှ ဆောင်ရွက်လာခဲ့ကြတာ ဖြစ်ပါတယ်။ အထွက်တိုး ၁၀ ချက်မှာ အရေးကြီးတဲ့ လုပ်ငန်းစဉ်အဖြစ် အထွက်ကောင်းမျိုးသုံးစွဲခြင်းဆိုတဲ့ အချက်ကိုအမှတ်စဉ်(၁)နေရာမှာ ထားရှိပြီးဆောင်ရွက်ခဲ့ကြပါတယ်။ အထွက်ကောင်းမျိုးများရဲ့ အင်္ဂါရပ်တွေဖြစ်တဲ့ အပင်အရပ်ပုခြင်း၊ အနှံပါအပင်မွှားများခြင်း၊

အရွက်များ အထက်သို့ထောင်မတ်စွာရှိခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ တိုးမြှင့်ထည့်သွင်းသော သွင်းအားစုများအပေါ် တုံ့ပြန်မှုအားကောင်းခြင်း၊ ရာသီမလိုက်ဘဲ အတက်ရက်အလိုက်ပန်းပွင့်ခြင်း၊ ဒေသအတွင်းရှာသွန်းသည့် မိုးရွာရက်နှင့်လိုက်လျောညီထွေရှိသည့် သက်တမ်းရှိခြင်း၊ ရေရရှိပါက တစ်နှစ်ပတ်လုံးစိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း၊ အသီးကြွေမှုနှုန်းနည်းပါးခြင်းစသည့် လက္ခဏာများပေါ် မူတည်ပြီးတော့မှ မျိုးသန့်ထုတ်လုပ်တယ်။ Breeder Foundation, Registered Stratify များဖြင့် အဆင့်ဆင့်ပွားပြီးတော့မှ စပါးအထွက်တိုးအောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေဖြင့် စိုက်ပျိုးရေးသုတေသန၊ ဦးစီးသုတေသနမှနေပြီးတော့ ဆီထွက်သီးနှံသုတေသနဌာနစုကနေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တစ်ဧကကို တင်း ၄၀ မှ ၅၀ အထိ ထွက်နိုင်တဲ့ စပ်နေကြာ မျိုးစေ့တစ်မျိုးကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ကြောင်း တောင်သူများအကျိုးဖြစ်ထွန်းစေကြောင်းလည်း သိရှိရပါတယ်။ သဘာဝဝတ်မှုန်ကူးနေကြာများကတော့ တစ်ဧကကို ၁၅ တင်းဝန်းကျင်သာ ထွက်ရှိ ပါတယ်။ စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် မျိုးကောင်းမျိုးသန့်များ ကောင်းမွန်စွာထုတ်လုပ်ရေးကို တီထွင်လုပ်ကိုင်ဆောင်ရွက်ရန် တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်ရန်ခက်ခဲသော လုပ်မှုရေး နှင့် စီးပွားရေးဆိုင်ရာ အခက်အခဲအဟန့်အတားများ အထွက်နှုန်းကွာခြားမှုကို ဖြစ်ပေါ်စေတတ်သော စိုက်ပျိုးနည်းစနစ်နှင့် သွင်းအားစုအခြေအနေများအပေါ်မှာ လေ့လာသုံးသပ်ပေးဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးပညာရှင်များသာမက ၎င်းတို့နှင့်ဆက်နွယ်နေသော ရုက္ခဗေဒပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များ၊ ဇီဝကံမပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ဆည်မြောင်းတာတမံပညာရှင်များပါ မကျန် လယ်ယာမြေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ကျကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ယနေ့ ကျွန်တော်တို့ အဓိကအားကိုးအားထား ဝယ်ယူသုံးစွဲနေကြသော ပြည်ပမှတင်သွင်းလာသည့် မျိုးစပါး အုပ်စု၊ ဥယျာဉ်ခြံသီးနှံအုပ်စု၊ မီးဖိုချောင်သီးနှံအုပ်စုနှင့်တောင်သူများ ရာသီအလိုက် စိုက်ပျိုးနေသည့် စီးပွားဖြစ်သည့် နောက်အုပ်စုများ၏ပင်မအရင်းအမြစ်ဖြစ်သော မျိုးစေ့ကဏ္ဍကို အလွယ်တကူ ဖြန့်ဖြူး ထုတ်လုပ်ရန် ကြိုးစားဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။

**မူကြမ်း**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါ တယ်။ အဆိုရှင်က စိုက်ပျိုးရေးကိုအခြေခံသော ကျွန်တော်တို့နိုင်ငံအတွက် လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် မျိုးပွားအစိတ်အပိုင်းများကို တောင်သူလယ်သမားများအသုံးချ၍ လူနေမှု၊ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်လျက် တင်သွင်းခဲ့သော နိုင်ငံတော်နိုင်ငံသားများအတွက် လွန်စွာအကျိုးရှိ၍ အရေးပါသော အဆိုကောင်းတစ်ခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ရည်မှန်းချက်များထားရှိပြီး မိုးစပါးအပြင် နွေစပါး သီးထပ်စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စီမံလုပ်ကိုင်စေခဲ့သောကြောင့် ယနေ့ကာလတွင် ဆန်စပါး ကိုတင်းသန်းပေါင်း ၁၂၈၃ အထိထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုဖူလုံရုံမက နိုင်ငံခြားသို့ ဆန် တန်ချိန် ၃.၂ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခြေအနေကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်ကာလတွင် တိုးပွားလာမည့် မျိုးဆက်များအတွက် ဆန်စပါးဖူလုံအောင်ရရှိရေးဆက်လက် ဆောင်ရွက်နိုင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါတယ်။ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ပိုမို ဆောင်ရွက်နိုင်ရန်အတွက် သစ်တောကြိုးဝိုင်းတောများ ထိခိုက်ပျက်စီးမှုမရှိစေဘဲ စိုက်ပျိုးမြေဖော် ထုတ်ခြင်းလုပ်ငန်းများကိုလည်း နှစ်စဉ်စီမံကိန်းများချမှတ်ပြီး ဖော်ထုတ်ကာ စိုက်ပျိုးမည့်တောင်သူ များကို ခွဲဝေချထားပေးရမှာဖြစ်ပါတယ်။ ဥပမာ-ကျွန်တော့်မဲဆန္ဒနယ်မှ ကုန်းမြင့်လယ်ယာဦးစီးဌာနမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လုပ်ကွက်များဖော်ထုတ်ပြီး တောင်သူများကို ခွဲဝေချထားပေးလျက် ရှိနေပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဖော်ထုတ်ဆောင်ရွက်မှုကိုလည်း သက်ဆိုင်ရာဌာနမှ ပံ့ပိုး ကူညီပေးသင့်သလို လက်ရှိစိုက်ပျိုးနေသည့် လယ်ယာမြေများကိုလည်း အခြားနည်းလမ်းသုံးစွဲခွင့်များ စဉ်းစားချင့်ချိန်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ၎င်းအပြင် စိုက်ပျိုးသည့်မျိုးနှင့် နည်းစနစ်ပြောင်းလဲခြင်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နည်းစနစ် ပြောင်းလဲခြင်းတွင်ပါဝင်သည့် မျိုးပြောင်းလဲခြင်းသည် အထွက်နှုန်းပြောင်းလဲခြင်းများအပေါ် များစွာ ထိရောက်မှုရှိပြီး မျိုးစေ့နှင့်ပတ်သက်လို့ မျိုးကောင်းမျိုးသန့်ဆိုတာ လွန်စွာအရေးကြီးပါတယ်။ ဒီလို မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက

တောင်သူများနှင့် စိုက်ပျိုးရေးဌာနနှင့်သက်ဆိုင်သည့်ဝန်ထမ်းများကို သုတေသနလုပ်ငန်းရပ်များ ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်ပိုင်မျိုးကောင်းမျိုးသန့်ခြံကြီးများ၊ စိုက်ကွင်းကြီးများကို ပိုမိုဆောင်ရွက်စေပြီး မျိုးစေ့များ ဆောလျင်စွာ ပိုမိုထုတ်လုပ်ဖြန့်ဖြူးအောင်မြင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဤင်းအပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမည့် မျိုးစေ့ကုမ္ပဏီများ၊ စိုက်ခင်းထူထောင်မှုများကို လည်း အားပေးကူညီပေးရန် အထူးလိုအပ်ပါတယ်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်သီးခြား ဆောင်ရွက်နိုင်ရန်သကဲ့သို့ ယင်းလုပ်ငန်းများတွင် စိတ်ပါဝင်စားသော တောင်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တောင်သူများ၏လိုအပ်ချက် အခက် အခဲများနှင့်စပ်လျဉ်းပြီး ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်နှင့် ဥပမာပြုတင်ပြလိုပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်တွင် လယ်ယာစပါးစိုက်ဧက ၂၃၆၅၃ ဧက၊ အစေ့ထုတ်ပြောင်းစိုက်ဧက တစ်သိန်းဝန်းကျင်၊ နေကြာ ၁၈၆၀ ဧက၊ မြေပဲ ၃၅၈၀ ဧကစသည်ဖြင့် သီးနှံမျိုးစုံစိုက်ပျိုးလျက် ရှိပါတယ်။ စပါးမျိုးများကို စိုက်ပျိုးရေးဌာနမှ စီမံဆောင်ရွက်သော ရွှေရင်အေးစပါးများ၊ ဒေသ မျိုးစပါးများ စိုက်ပျိုးလျက်ရှိပြီး တစ်ဧလျှင် ၇၀ တင်းနှုန်းထွက်ရှိပါတယ်။ အစေ့ထုတ်ပြောင်းမျိုးများကို ပြည်ပနိုင်ငံမှ ယိုးဒယားမျိုးများ စိုက်ပျိုးလျက်ရှိပါတယ်။ အစေ့ထုတ်ပြောင်းတစ်ဧကအတွက် မျိုးစေ့ တန်ဖိုးမှာ ၃၈၀၀၀ ကျပ်မှ ၄၀၀၀၀ အထိ ကုန်ကျပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဌာနခွဲအသီးသီးမှ မျိုးစေ့ နှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေသော် လည်း ဒေသ၏ရာသီဥတုအခြေအနေ၊ စိုက်ပျိုးဖြစ်ထွန်းမှုအနေအထား၊ တောင်သူများ၏အကျိုးစီးပွား ဖြစ်ထွန်းမှု အလားအလာ၊ အခြေအနေကောင်းများအပေါ်အခြေခံ၍ ပံ့ပိုးဆောင်ရွက်ပေးကြရန်လည်း အကြံပြုတင်ပြလိုပါတယ်။ ဥပမာအားဖြင့် ရေဆင်းစိုက်ပျိုးရေးဌာနမှထုတ်သော ရေဆင်းပြောင်းမျိုး များသည် တစ်ဧကလျှင် ၁၂၀၀၀ ကျပ်သာကုန်ကျသော်လည်း ပြောင်းဖူးမှာ အူတိုင်ကြီးခြင်း၊ အလေးချိန်လျော့နည်းခြင်းများကြောင့် တောင်သူများအကြိုက်နည်းပြီး ကုန်ကျစရိတ်များသော ပြည်ပနိုင်ငံများမှ ယိုးဒယားပြောင်းဖူးများကိုသာ စိုက်ပျိုးကြပါတယ်။ မျိုးစေ့သုတေသနာပြုလုပ်ငန်း များ ဆောင်ရွက်ရာတွင် လက်ရှိအားနည်းမှုများရှိသော စပ်မျိုး၊ ဗီဇပြုပြင်မျိုး၊ တစ်ရှူးမျိုးပွားမျိုး၊ အော်ဂဲနစ်မျိုးများကို တောင်သူများ လက်တွေ့နယ်ပယ်တွင်အကျိုးရှိမည့် မျိုးကောင်းမျိုးသန့်များ

ပေါ်ထွက်ရရှိနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက တောင်သူလယ်သမားများ စိုက်ပျိုးရေးသုတေသန ပညာရှင်များပူးပေါင်း၍ ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူများစိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စနစ်တကျစီစဉ် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါတယ်။ ယင်းကဲ့သို့ မျိုးသန့်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်တဲ့ အခါ လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာပံ့ပိုးမှု၊ ပံ့ပိုးပစ္စည်းများနှင့် ဆောင်ရွက်မှုများ အချိန်နှင့် တစ်ပြေးညီ ရရှိရန်လိုအပ်ပါတယ်။ ဒါကြောင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများတွင် နိုင်ငံတော်အနေနဲ့ အရှုံးအမြတ်တစ်ခုတည်းအပေါ်သာ လွန်စွာစူးစိုက်အားထုတ်နေမယ့်အစား မျိုးသန့်မျိုးကောင်းရရှိ၍ စိုက်ပျိုးတောင်သူများ စိုက်ပျိုးမှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ပါမှ ထွက်ရှိလာမယ့် စပါး၊ ပြောင်း၊ ပဲစသည့်ကောက်ပဲသီးနှံများ၏အကျိုးကို ရည်မျှော်မှန်း၍ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍစပါးစိုက်တောင်သူများအနေနဲ့ မိမိတို့ရရှိထားသော မျိုးသန့်မျိုးများကို သုံးနှစ် တစ်ကြိမ်ပြောင်းလဲ၍ စနစ်တကျဖိဖိစီးစီးဆောင်ရွက်မည်ဆိုပါက တောင်သူများ တစ်ဦးချင်းစိုက်ပျိုး ထုတ်လုပ်မှုမြင့်မားတိုးတက်လာပြီး နိုင်ငံတော်အတွက် စပါးအထွက်ပိုမိုလာနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ကဏ္ဍသည် လွန်စွာအရေးပါသော ကြောင့် ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းရဲ့အဆိုကို လိုက်လိုက်လှဲလှဲထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့် ကိုယ်တွေ့အတွေ့အကြုံလေးလုပ်ခဲ့ရတဲ့ အကြောင်းကို အကြမ်းဖျင်း ကျွန်တော်တင်ပြပါမယ်။ ရှေးဦးစွာ ပထမ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တောင်ယာစနစ် ရှိပါတယ်။ မိုးစပါးစိုက်တဲ့စနစ်ရှိပါတယ်။ နွေစပါးစိုက်တဲ့စနစ်စတဲ့ စနစ်သုံးမျိုးရှိပါတယ်။ တောင်ယာ စနစ်ကတော့ မိုးဦးမကျခင်မှာ ကျွန်တော်တို့ တစ်ဧက၊ နှစ်ဧကလောက်ကို ကျွန်တော်တို့ တောင်ယာ

တွေမီးရှို့ပြီးတော့ ရတဲ့ပြာနဲ့ လက်နဲ့ဖြစ်ဖြစ်၊ နွားနဲ့ဖြစ်ဖြစ် ထွန်ယက်ပြီးတော့ မြေဖုံး၊ ဖုံးပြီးလို့ ရှိရင် နှစ်လခွဲသုံးလလောက်နီးပါးကြာလို့ရှိရင် သီးနှံရပါတယ်။ ဒါပေမဲ့ ဝက်တို့၊ ကြက်တူရွေးတို့နဲ့ လုစားရတဲ့အနေအထားမျိုးတွေရှိတာဖြစ်ပါတယ်။ အခုက ကျွန်တော်တို့တောင်ပေါ်ဒေသမှာတော့ ဒီလိုပဲလုပ်နေကြပါတယ်။ ဒုတိယစိုက်နည်းဖြစ်တဲ့ မိုးစပါးစိုက်ပျိုးနည်းကတော့ ကျွန်တော်တို့ ကိုယ်တွေ့လုပ်လာတဲ့အပိုင်းဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းထက် ကျွန်တော်က မျိုးစပါးကို စနစ်တကျ လုပ်ခဲ့တဲ့ ခလရ(၈၆)တနိုင်းမှာ လုပ်ခဲ့တဲ့အတွေ့အကြုံရှိတဲ့လူတွေနဲ့ ရင်းနှီးပြီးတော့ သင်ကြားလာခဲ့ရ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က တောင်ပေါ်မှာ လေး၊ ငါး၊ ရှစ်လနေပြီးလို့ရှိရင် တနိုင်းကွင်းကို ပြန်ဆင်းလာလို့ရှိရင် လယ်တောထဲသွားတယ်။ မျိုးထုတ်တဲ့စနစ်ကို ကျွန်တော်သွား ကြည့်တယ်။ အဲဒီမှာ အရာရှိတစ်ယောက် ဗိုလ်ကြီးကိုကိုကြီးဆိုသူကို တာဝန်ပေးထားတာ။ အခုတော့ သူက တော်ဝင်မှာ တာဝန်ခံဖြစ်နေပါပြီ။ အခု ဗိုလ်မှူးကြီးနဲ့ နားပြီးတော့ စနစ်တကျလုပ်တဲ့ဟာလေးကို ကျွန်တော်တင်ပြချင်ပါတယ်။ ဘယ်လိုလုပ်လဲဆိုတော့ သူက မနက်မိုးလင်းတာနဲ့ မျက်နှာသစ်၊ ထမင်းစားပြီးတာနဲ့ လယ်ထဲဆင်းတယ်။ လယ်ထဲဆင်းပြီးတော့ သူ့ကိုပေးထားတဲ့အကွက်မှာ ထွန်စနစ် ကို သေသေချာချာ စေ့စေ့စပ်စပ် သေသေချာချာလုပ်တယ်။ ပြီးလို့ရှိရင် တစ်ဧကပြီးရင် နှစ်ဧက အဲဒီလို စနစ်တကျလုပ်ပြီးလို့ရှိရင် နောက်တစ်ခါ သုံးသွားထယ်၊ လေးသွားထယ်နဲ့ စနစ်တကျ သူက ပြန်လုပ်တယ်။ မစေ့စပ်လို့ရှိရင် ပြန်ပြီးတော့ထွန်ခိုင်းတယ်။ အဲဒီလိုလုပ်ပြီးတဲ့အခါကျတော့ ကြောင်း ဆွဲပြီးတော့ စပါးခွဲပြာရယ်၊ နွားချေးရယ်၊ နောက်တစ်ခါ မြေဆွေးကို စနစ်တကျ အတန်းလိုက် ချပြီးတော့ အသာလေးနှပ်ထားလိုက်တယ်။ မိုးဦးကျခါနီးကျမှ မျိုးစေ့ကို စနစ်တကျ သူကရဲမေတွေနဲ့ ထည့်တယ်။ ထည့်ပြီးတော့ ဂျမ်းတုံးရိုက်တယ်။ အဲဒီလိုလုပ်ပြီး တစ်လလောက်ကြာလို့ရှိရင် အပင်ပေါက်လာတဲ့အခါကျမှ အဲဒီကျမှ သူက မြေသြဇာတွေကျွေး၊ ကျွေးပြီးတဲ့အခါကျမှ စနစ်တကျ ပေါင်းနုတ်တယ်။ မြေသြဇာကျွေးတယ်။ ကျွေးပြီးတဲ့အခါ သူကိုယ်တိုင်ကြည့်ပြီးတော့ သုံးလကျော် လာတဲ့အခါကျမှ စပါးမျိုးထွက်လာတဲ့အခါမှာ အဲဒီစပါးတွေကို သူက ခုနက မျိုးစပါးထားတဲ့အကွက် ကို အကုန်လုံး အခြောက်လှန်းတယ်။ တစ်နေမဟုတ်ဘူး။ သူ စိတ်တိုင်းကျ လုံးဝအစိုဓာတ်မရှိတဲ့ အခါကျမှ သူက ဆန်ကာနဲ့တင်ပြီးတော့ ဖုန်၊ သလဲ၊ ခဲ တွေ အကုန်လုံးစင်တဲ့အခါကျမှ တစ်တင်းကို မျိုးကောင်းတဲ့၊ အလုံးကောင်းတဲ့ဆန်ကို သူက တစ်ပြည်ပဲ ယူတယ်။ အဲဒီလိုလုပ်တာနဲ့ လယ်ဧက ၁၀၀ ကျော်လောက်ရှိတဲ့စပါးကို သူက ပထမဦးဆုံး အဲဒီလို မျိုးကိုလုပ်တယ်။ ပြီးတဲ့အခါကျမှ ပီပါထဲ သူထည့်တယ်။ အဲဒီကနေပြီးတော့ စပ်လိုက်တဲ့မျိုးဟာ မထွက်ဘူးဆိုရင် တစ်ဧကကို အနည်းဆုံး ၇၀၊

၈၀ ထွက်လာတယ်။ ကျွန်တော်တို့ ဒီ မ.ပ.ခ မှာတော့ စိုက်ပျိုးရေးမှာ နာမည်အကြီးဆုံး၊ အခုတော့ မော်တော်ယာဉ်မှာသွားပြီးတော့ တာဝန်ကျနေတယ်။ အမှန်တော့ သူ့ကို တပ်မတော်ဦးပိုင်က လယ်ထဲမှာထားရမှာပါ။ အခုကတော့ မော်တော်ယာဉ်သွားကျတဲ့အခါကျတော့ တာဝန်ကတခြား ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တယ်တာက မျိုးထုတ်တဲ့စနစ်ပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဲဒီမျိုးတစ်ခုတည်းမဟုတ်ဘူး။ မျိုးမှာ စပါးမျိုးဆိုတာ ရှိတယ်။ ပုသိမ်ဆိုလို့ရှိရင် ပုသိမ်ပေါ်ဆန်း၊ ရွှေဘိုဆိုရင် ရွှေဘိုခွန်နီ၊ ကျွန်တော့်မွေးဇာတိညောင်လေးပင်မှာဆိုလို့ရှိရင် ကျူကြောင်းငကျွဲဆိုတာ အခု ညောင်လေးပင်တစ်နယ်လုံး နာမည်ကြီးတယ်။ နောက်ပိုင်းကျတော့ စပ်မျိုးတွေပွားလာတဲ့အခါကျမှ အကုန်လုံးမျိုးတွေဟာ ပျက်ကုန်ရော။ ပျက်ကုန်တဲ့အခါကျတော့ ထွက်တာတော့ထွက်တယ်။ စပ်မျိုးက ပိုထွက်ပါတယ်။ ဘာဖြစ်လိုလဲဆိုတော့ လူမှာ ကပြားတဲ့၊ အဲဒီ ကပြားမျိုးတွေက ပိုပြီးတော့ Bright ဖြစ်သလို စပ်စပါးမျိုးကလည်း ခုနလိုပေါ့ ပိုပြီးတော့ မျိုးထွက်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက မျိုးစပါးတွေသည် ဆိုရိုးစကားအရ လူမှာအမျိုး ကြက်မှာအရိုး စပါးမှာ မျိုးကောင်းမှ အထွက်တိုးပါတယ်ဆိုတာကိုတင်ပြရင်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းရဲ့အဆိုအား ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးမည့် မိတ္ထီလာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေ ဖြင့် မြစိမ်းရောင်တော်လှန်ရေးကြောင့် ကမ္ဘာတလွှားက ဒေသမျိုးစစ်စစ် သီးနှံတွေပျောက်ကွယ်ခဲ့ပြီး လူသားတွေ ဒုက္ခရောက်ခဲ့ရတာလည်း မျိုးစေ့ကြောင့်ဖြစ်ကြောင်း ဦးစွာပထမ ဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေဖြင့် Hybrid ခေါ် ကပြား နိုင်ငံခြား မျိုးစေ့တွေ တင်သွင်းစိုက်ပျိုးမှုရဲ့ဆိုးကျိုးကို ကမ္ဘာ့ဖြစ်ရပ်၊ မြန်မာ့ဖြစ်ရပ်နှစ်ခုဖြင့် ဆွေးနွေးတင်ပြသွား ပါမည်။ ဒုတိယကမ္ဘာစစ်အပြီးမှာ စားနပ်ရိက္ခာမလုံလောက်မှုပြဿနာကို အမေရိကန်စိုက်ပျိုးရေး ပညာရှင် Norman Borlaug က အပူပိုင်းမှာ စိုက်ပျိုးတဲ့အထွက်ကောင်းဂျုံကပြားမျိုးတွေကို တီထွင် နိုင်ခဲ့လို့ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံခဲ့ပါတယ်။ ဒါကို မြစိမ်းရောင်တော်လှန်ရေးပထမအဆင့်လို့ ခေါ်ပါ

တယ်။ နိုဘယ်လ်ဆုချီးမြှင့်ခံခဲ့ရပါတယ်။ နောင်နှစ် ၂၀ ကျော်လာတဲ့အခါမှာ အဲဒီကပြားမျိုးတစ်မျိုး တည်းကိုသာ စိုက်လာတဲ့အတွက် ဒေသခံမျိုးကောင်းမျိုးသန့် ဂျုံမျိုးတွေ ကမ္ဘာမှာ ပျောက်ကွယ်ခဲ့ရ ပါတယ်။ စိုက်ပျိုးတာကြာလာတဲ့အခါမှာ Norman Bullock တီထွင်ခဲ့တဲ့ ဂျုံမျိုးဟာလည်း ရောဂါဒဏ်မခံနိုင်ဘဲ အထွက်နှုန်းကျဆင်းလာခဲ့ပါတယ်။ ထင်ရှားတဲ့သာဓကအနေဖြင့် ၁၉၉၀ ခုနှစ် လောက်မှာ အဆိုပါ ဂျုံမျိုးများမှာ ရှရှားပျပိုးကျရောက်သဖြင့် ကမ္ဘာ့ဂျုံနှင့် ဂျုံရိက္ခာလုံလောက်မှုကို ထိပါးလာပါတယ်။ ဒေသခံမျိုးရှားပါးတဲ့အတွက်ကြောင့် ကနေဒါနိုင်ငံမှာ သုတေသနပြုလုပ်နေတဲ့ မြန်မာ့ဂျုံပညာရှင် ဒေါက်တာသန်းအောင်က အလွန်ခေါင်တဲ့ အာဖရိကကကျေးရွာမှ ထိုရောဂါ ခံနိုင်ရည်ရှိတဲ့ ဒေသမျိုးကိုရှာဖွေကာ သုတေသနပြုလုပ်ပြီး ပြဿနာကိုဖြေရှင်းခဲ့တဲ့ သာဓကရှိခဲ့ ပါတယ်။ ဒါ့ကြောင့် ဒေသခံမျိုးကောင်းမျိုးသန့်တွေ ပျောက်ဆုံးရတာဟာ Norman Bullock ကြောင့်လို့ ယနေ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေက သူ့ကိုအပြစ်တင်နေပါပြီ။ တစ်ချိန်က အထွက်တိုးအောင်ဆောင်ရွက်ခဲ့တဲ့ ကမ္ဘာ့သူရဲကောင်းဟာ ယခုတော့ သမိုင်းတစ်ပတ်လည်တဲ့အချိန်မှာ စိုက်ပျိုးသီးနှံ ဒေသကွဲမျိုးများ ပျက်သုဉ်းစေတဲ့ အပြစ်တင်ခံရသူဘဝကို ပြောင်းလဲသွားပါပြီ။ အထွက်တိုးဆိုတဲ့ အချက်တစ်ချက်တည်းကို ဇောင်းပေးခဲ့တာကို စိုက်ပျိုးရေးတင်သာမက နိုင်ငံ၏ အရေးအရာပေါင်းစုံမှာ သင်ခန်းစာယူသင့်တယ်လို့ ပြဆိုလိုက်ခြင်းလို့ မြင်မိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမြစိမ်းရောင်တော်လှန်ရေးကိုတော့ အားလုံးသိကြတဲ့ ရာကျော်စပါးက စခဲ့တာပါ။ တစ်တိုင်းပြည်လုံး ရာကျော်အပါအဝင် အခြားအထွက်တိုးစပါးတွေကို နှစ်ရှည်စိုက်ပျိုးလာတာကြောင့် ကျန်တဲ့မျိုးကောင်းမျိုးသန့် မြန်မာ့စပါးမျိုးတွေကို မစိုက်ပျိုးတော့ပါ။ ၁၉၆၅ ခုနှစ်မှတ်တမ်းအရ ကျွန်တော်တို့နိုင်ငံမှာ စပါးမျိုးပေါင်း ၃၅၀၀ လောက် စိုက်ပျိုးခဲ့ကြပါတယ်။ နိုင်ငံတကာ ဆန်စပါးသုတေသနဌာနကလည်း မြန်မာနိုင်ငံဟာ ကမ္ဘာမှာ စပါးမျိုးအကြွယ်ဝဆုံးနိုင်ငံ ဖြစ်ကြောင်း အတည်ပြုထားပါတယ်။ စီးပွားရေးတွက်ခြေကိုက် စပါးမျိုးများကိုသာ စိုက်ပျိုးလာသဖြင့် မြန်မာ့စပါးမျိုးများဟာ သက္ကရာဇ် ၂၀၀၀ ကျော်မှာ ၂၀၀ လောက်သာစိုက်ပျိုးခဲ့ကြောင်း သုတေသန မှတ်တမ်းများအရ သိရှိရပါတယ်။ သို့သော် မြန်မာ့စိုက်ပျိုးရေးပညာရှင်တွေရဲ့ အမြော်အမြင်ကြီးမားမှု ကြောင့် မြန်မာ့စပါးမျိုးပြားပေါင်း ၃၀၀၀ ခန့်ကို ရေဆင်း Seed Bank မှာ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ သုတေသနများအရ အထွက်တိုးစပါးကိုစားသုံးပြီး ၂၅ နှစ်ကြာတဲ့အခါမှာ ဆန်စပါးအဓိကစားသုံး သည့်နိုင်ငံများမှာ ကလေးများဟာ ဉာဏ်ရည်နိမ့်ခြင်း၊ Night Blind ခေါ်တဲ့ ကြက်မျက်သင့်ရောဂါ နှစ်စဉ် ၁.၅ သန်းခန့်ဖြစ်လာခြင်းနှင့် မိခင်များ သံဓာတ်လျော့နည်းလာမှုကြောင့် ကိုယ်ဝန်ပျက်ကျမှု

နှုန်းများပြားလာခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ တကယ်တော့ ကပြားမျိုးတွေဟာ သီးနှံဈေးကွက်ကို အကြိုက်တစ်မျိုးတည်းကိုသာ ဆောင်ရွက်ခဲ့တာပါ။ အသီးကြီးမယ်။ အထွက်တိုးမယ်။ ဒါပေမဲ့ ဒေသက မျိုးတွေလို အာဟာရပြည့်မယ်။ ရောဂါခံနိုင်မယ်။ မျိုးညီမယ်ဆိုတာတွေကို မပါပါဘူး။ ဥပမာ မြန်မာ့ဆန်ဟာ Protein ၁၂ ရာခိုင်နှုန်းပါပေမဲ့ ကပြားမျိုးကတော့ ၈ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါကြောင့် ဒေသမျိုးကသာ ဒေသရဲ့ရေမြေမှာ ကောင်းမွန်စွာဖြစ်ထွန်းနိုင်ပြီး ဒေသခံပြည်သူတွေကလည်း ကြိုက်နှစ်သက်ကြသလို ရေရှည်မှာလည်း မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို ကာကွယ်နိုင်မှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် စိုက်ပျိုးရန်ထုတ်လုပ်သော မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ကို စိုက်ပျိုးသည့်စနစ်ကိုမသုံးဘဲ သီးနှံဈေးဟုခေါ်သည့် မိမိစားသုံးရန် ထုတ်လုပ်ထားသော မျိုးစေ့များကိုသာ မျိုးကောင်းမျိုးသန့်ဟုထင်ပြီး ဆက်လက်စိုက်ပျိုးသည့်ဓလေ့ လွှမ်းမိုးနေခြင်းကိုလည်းပဲ ပညာပေးပယ်ဖျက်ရန် လိုပါပြီ။ အဆိုပါ ကိုယ့်ခြံထွက်မျိုးစေ့များသည် ဘိုးဘွား၊ မိဘစိုက်ပျိုးသည့်လက်ထက်တွင် အဘိုး၊ အဘွား၊ အမိ၊ အဖတို့က ကိုယ့်မျိုးကိုထိန်းသိမ်း၊ မျိုးသန့်ဖြစ်သော်လည်း ယနေ့မိမိတို့လက်ထက်တွင် အခြားမျိုးပြားများနှင့် ရောယှက်မှုကိုမထိန်းနိုင်ပါက မျိုးသန့်မဟုတ်တော့ပါ။ သားစဉ်မြေးဆက် ဗီဇမကောင်းနိုင်တော့ပါ။ ဒါကို မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ဟုထင်ပြီး အဓိကထား ဆက်လက်လုပ်ဆောင်နေမှုများကိုလည်း ပညာပေးရပ်တန့်ဖို့လိုပါတယ်။ ဒါ့အပြင် တောင်သူများကိုယ်တိုင်လည်းပဲ မိမိကိုယ်ကိုမိမိ မျိုးစေ့ထုတ်နိုင်သည့်အဆင့်မျိုးကို ပြည်ခရိုင်အတွင်းက မျောက်ခွေးရဲရွာက ထုတ်လုပ်နေတဲ့စနစ်ကို လေ့လာပြီး အတုယူဖို့လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် မျိုးမမှန်သော နိုင်ငံခြားစပ်မျိုးများကိုသာ စီးပွားရေးအမြင်ဖြင့် တင်သွင်းခြင်းနှင့် မျိုးစေ့ပျောက်ကွယ်မှုကြောင့် ကမ္ဘာ့စိုက်ပျိုးရေးလောက ဒုက္ခရောက်တာကို သင်ခန်းစာယူသင့်ပါပြီ။ ဗီဇမကောင်း မျိုးမသန့်တဲ့နောက်ကို အထင်ကြီးပြီး ကျွန်တော်တို့တစ်တွေ ဆက်လိုက်နေအုံးမယ်ဆိုရင် စိုက်ပျိုးရေးကိုအဓိကထားတဲ့ ကျွန်တော်တို့နိုင်ငံအနေဖြင့် မျိုးစေ့မမှန် ပင်မသန်၊ ဖူးတံငုံကင်း အသီးဖျင်း၏ဆိုတဲ့ဘဝမျိုးကို ရောက်ရှိသွားနိုင်တဲ့အတွက်ကြောင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစစ်စစ်နောက်ကိုသာ လိုက်ရန်လိုပါပြီလို့ပြောကြားရင်းနဲ့ပဲ နိုင်ငံဖွံ့ဖြိုးမှုကို ဦးတည်တဲ့ အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောင်းဆုံမဲဆန္ဒနယ်က ဦးအောင်ကြည်သိန်းရဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်နွှယ်နေတဲ့ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ စိုက်ပျိုးတောင်သူများဟာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပြီး တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသူများ ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်အရေးပါတဲ့လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ မျိုးစေ့နှင့်ပတ်သက်ပြီး ဒေသမျိုး၊ အထွက်ကောင်းမျိုး၊ စပ်မျိုး ဆိုပြီး သုံးမျိုးသုံးစားရှိကြောင်း သိရပါတယ်။ ဒေသမျိုးကို ကျွန်တော့်မဲဆန္ဒနယ်အတွင်းမှာ စိုက်ပျိုးပြီး ဒေသမျိုးက အထွက်နှုန်းလည်းကောင်းမွန်သလို၊ ဓာတ်မြေသြဇာထည့်စရာမလိုဘဲ မြေဆီမြေနှစ်စားသုံးမှုဟာလည်း နည်းပါးပါတယ်။ သို့သော်လည်း ကာလကြာမြင့်လာတဲ့အခါ မျိုးစေ့ရဲ့သဘောသဘာဝအားနည်းလာခြင်း၊ မြေဆီလွှာချို့တဲ့လာကာ အထွက်နှုန်းကောင်းအောင် မျိုးစေ့တွေကို စနစ်တကျသုတေသနမပြုလုပ်နိုင်ခြင်း၊ နည်းပညာချို့တဲ့ခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းပြီး ကုန်ကျစရိတ်မြင့်တက်လာတဲ့အတွက် စီးပွားရေးအရတွက်ခြေကိုက်ခြင်းမရှိတော့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဒေသခံတောင်သူတွေဟာ ဈေးကွက်မှာအလွယ်တကူဝယ်ယူရတဲ့ ကုမ္ပဏီက အမှတ်တံဆိပ်မျိုးစုံကို ဝယ်ယူကာ စမ်းသပ်စိုက်ပျိုးလာကြပါတယ်။ မြေပြန့်ဒေသမှာ စိုက်ပျိုးအောင်မြင်တဲ့သီးနှံကို တောင်ပေါ်ဒေသတွေမှာ စိုက်ပျိုးတဲ့အခါ ပင်လယ်ရေမျက်နှာပြင်အမြင့်၊ ရာသီဥတုအခြေအနေ၊ မိုးရေချိန်လက်မ၊ လေထုစိုထိုင်းဆတွေမတူညီတဲ့အတွက် အောင်မြင်ဖြစ်ထွန်းခြင်းမရှိတာကို တွေ့မြင်ရပါတယ်။ အပင်ရှင်သန်ဖြစ်ထွန်းပေမဲ့ အထွက်နှုန်းကောင်းဖို့ရာအာမခံချက်မရှိတာကြောင့် အခက်အခဲတွေဖြစ်ပေါ်ရပါတယ်။ စီးပွားရေးအရတွက်ခြေကိုက်ဖို့ သီးနှံမျိုးစေ့တစ်မျိုးကနေတစ်မျိုး စမ်းတဝါးဝါးစိုက်ပျိုးနေကြတဲ့အတွက် အချိန်ကုန်၊ လူပန်းဖြစ်ကာ နောက်ဆုံးတော့ အာမခံချက်မရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းကို စွန့်ပစ်ပြီး အိမ်နီးချင်းနိုင်ငံများကို ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ရောက်ရှိသွားတာကို ဝမ်းနည်းဖွယ်ရာတွေ့မြင်ရမှာပါ။ စပ်မျိုးကိုအသုံးပြုစိုက်ပျိုးကြတဲ့ တောင်သူဦးကြီးတွေဟာလည်း နှစ်စဉ်နှစ်တိုင်းမျိုးစေ့ဝယ်ရတဲ့

ကုန်ကျစရိတ်၊ တစ်နေ့တခြားရှားပါးလာတဲ့လူ့စွမ်းအားအရင်းအမြစ်၊ ကြီးမြင့်လာတဲ့နေ့စားစရိတ်တွေကြောင့် အခက်ကြုံနေရပါတယ်။ စပ်မျိုးရဲ့သဘောသဘာဝအရ မြေဆီမြေနှစ်အလွန်အကျွံစားသုံးခြင်း၊ ကြာမြင့်လာတဲ့အခါ မြေဆီခန်းခြောက်ကာ ထွက်နှုန်းကျဆင်းလာလေ့ရှိပါတယ်။ ဒါကြောင့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးကို စနစ်တကျမှန်ကန်စွာ မသုံးစွဲတတ်ခြင်းရဲ့အကျိုးဆက်ကြောင့် မြေအခြေအနေဟာ စိုက်ပျိုးလုပ်ကိုင်လို့မကောင်းတော့ပါဘူး။

ဒီနေရာမှာ မိမိမဲဆန္ဒနယ်နှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ လဲချားမြို့ဟာ စိုက်ပျိုးရေးကိုလုပ်ကိုင်တဲ့မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းတို့ကို အဓိက စိုက်ပျိုးကြပြီး မိုးစပါးစိုက်ပျိုးပြီးပါက ကြက်သွန်ဖြူကိုလည်း စိုက်ပျိုးပါတယ်။ စားသောက်ရန်ပိုလျှံတဲ့ ဆန်စပါးတွေကို နီးစပ်ရာမြို့များသို့ တင်ပို့ရောင်းချပြီး စိုက်စရိတ်၊ မြေသြဇာ၊ မျိုးစပါး၊ ထည့်ဝင်ရတဲ့ စရိတ်တွေကာမိသည်ဆိုရုံမျှအကျိုးရှိပြီး ကြက်သွန်ဖြူကိုတော့ အပိုဝင်ငွေရရှိရန် စိုက်ပျိုးကြပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးခြင်းရဲ့အားသာချက်ကတော့ ဒေသရာသီဥတုနှင့်အံဝင်ခွင်ကျဖြစ်ခြင်း၊ မျိုးစေ့ အလွယ်တကူရရှိခြင်း၊ စိုက်ပျိုးမှုကျွမ်းကျင်ခြင်းတို့ကြောင့် တောင်သူဦးကြီးတွေ စိုက်ပျိုးကြပြီး ယခင်က သဘာဝအတိုင်းစိုက်ပျိုးကြသော်လည်း ယခုအခါ ပိုးသတ်ဆေးအသုံးပြုစိုက်ပျိုးလာကြပါတယ်။ အားနည်းချက်ကတော့ ပြည်တွင်းဈေးကွက်ဝယ်လိုအားနည်းပြီး အိမ်နီးချင်းနိုင်ငံများကို ရသလောက်ဈေးနှင့်သာ ရောင်းချနေရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိရိုးဖလာနည်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ဒေသခံတောင်သူများကို အဆိုရှင်တင်ပြသလို ပံ့ပိုးပေးပါက တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးရေးသို့ ရောက်ရှိလာနိုင်စေခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ပြုန်းတီးစေခြင်း၊ အရွယ်ကောင်းလူငယ်လူရွယ်များ တစ်ဖက်အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေခြင်းတို့ကို တားဆီးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျအရှိန်အဟုန်မြှင့်ကာ နိုင်ငံတော် ရေရှည်စီမံချက်ထားပြီး ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဖြစ်ပါတယ်။ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုတွင် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် ထိရောက်စွာအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အဆိုရှင်၏လုပ်ငန်းစဉ်(၁၇)ချက်ဖြင့် ဆွေးနွေးအဆိုပြုချက်အပေါ် အားလုံးမှန်ကန်ပါကြောင်း၊ ထောက်ခံအပ်ပါကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်း၏အခြေခံအချက်ဟာ မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်၊ မျိုးပွားလုပ်ငန်းဟာ အရေးကြီးသော မဖြစ်မနေစနစ်တကျဆောင်ရွက်နေရမည့် လုပ်ငန်းစဉ်ကြီးဖြစ်ပါ တယ်။ မျိုးစေ့ထုတ်လုပ်ရေးမူဝါဒ၊ လုပ်ငန်းစဉ်၊ နည်းစနစ်၊ လုပ်ငန်းစီမံချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားချက်များကို ကျွန်တော့်အနေနဲ့ အထူးထောက်ခံအပ်ပါတယ်။ မြန်မာနိုင်ငံမျိုးစေ့ထုတ်လုပ်ရေးကဏ္ဍကို လေ့လာတဲ့အခါမှာ ပုဂ္ဂလိကတစ်နိုင်တစ်ပိုင်မျိုးပွား ထုတ်လုပ်နေကြောင်း၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကလည်း မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်၊ မျိုးပွား များ ဆောင်ရွက်နေပါကြောင်း၊ အစိုးရခြံစိုက်ကွင်းများမှ မျိုးစေ့ထုတ်လုပ်ရေးဆောင်ရွက်နေကြောင်း၊ မျိုးစေ့များ နိုင်ငံခြားမှတင်သွင်း၍ လုပ်ငန်းဆောင်ရွက်နေပါကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံခြားမှ တင်သွင်းသော အချို့မျိုးစေ့များဟာ ပထမပိုင်းမှာ စပ်မျိုး(Hybrid F1)ဖြစ်ပြီး ဈေးကွက်ကောင်း လာသည့်အခါ မျိုးစေ့အတုများ ဖန်တီးခြင်း၊ တင်သွင်းရောင်းချရခြင်းကြောင့် စိုက်ပျိုးရေးတောင်သူ လယ်သမားများ အထွက်နှုန်းကျဆင်းခြင်း၊ ဝင်ငွေထိခိုက်အရှုံးနှင့်မကြာခဏ ရင်ဆိုင်နေရကြောင်း၊ အချို့မျိုးတွေဟာ နှစ်ရှည်၊ ကြာရှည်စိုက်ပျိုးလာသဖြင့် မျိုးမသန့်ခြင်း၊ မျိုးတည်ငြိမ်မှုမရှိခြင်း၊ မျိုးကွဲ များဖြစ်ပေါ်လာခြင်းကြောင့် အထွက်နှုန်းများ ထိခိုက်နစ်နာမှုများ ရှိလာပါကြောင်း ယနေ့ကမ္ဘာ့ ဈေးကွက်မှာ အရည်အသွေးတန်ဖိုးမြင့် အပြိုင်အဆိုင်ဖြင့် ဈေးကွက်လုကြရာတွင် မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်၊ အရည်အသွေးမြင့်မျိုးများ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ဖို့ လိုအပ်လို့ တောင်းဆိုလျက်ရှိပါ ကြောင်း၊ မျိုးစေ့၊ မျိုးပွားထုတ်လုပ်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်ကုမ္ပဏီအချို့မှာလည်း ဆောင်ရွက်နေရပါကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေမှာ ဆောင်ရွက်မှုထက် လိုအပ်ချက်က ပိုမိုများပြားနေပါကြောင်း၊ အစိုးရအနေဖြင့် အထူးအားပေးထောက်ပံ့ကူညီဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း၊ လုပ်နေပါတယ်ဆိုတဲ့

စကားထက် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ လိုအပ်ပါကြောင်း၊ အရေးကြီးသောအဓိကသီးနှံ Major Crop များနှင့် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့်များကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဈေးကွက်အရထုတ်လုပ်ဖို့တောင်းဆိုလိုအပ်လျက်ရှိပါကြောင်း၊ ကျွန်တော့်အနေနဲ့ ၁၉၈၀ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကျောက်ဆည်၊ လွန်ကျော်ခြံမှာ Seeds Project ဝန်ထမ်း အဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်များထွန်းကားပြီး အထွက်နှုန်းများ တိုးတက်မြင့်မား၍ စိုက်ပျိုးမှုများပြားကြောင်း၊ နိုင်ငံခြားဝင်ငွေတိုးတက်လာခဲ့ ပါကြောင်း၊ အဲဒီနောက်ပိုင်းမှာတော့ အစိုးရခြံစိုက်ကွင်းများဟာ ဘတ်ဂျက်ချထားမှုအားနည်းခြင်း၊ မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်မှုအားနည်းလာခြင်း၊ အထွက်နှုန်းများကျဆင်းလာခြင်း၊ ဒေသ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုအားနည်းလာကြောင်း၊ မျိုးစေ့၊ မျိုးကောင်း၊ မျိုးသန့်များ ထုတ်လုပ် ခြင်းထက် တင်သွင်းခြင်းသာ ဆောင်ရွက်လာကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးမျိုးစေ့အဖြစ် ရောက်ရှိလာဖို့အတွက် လုပ်ငန်းအဆင့်ငါးဆင့် ဖြတ်သန်းရပါတယ်။ နံပါတ်(၁)က စပ်မျိုးထုတ်လုပ်ခြင်း။ နံပါတ်(၂)က စပ်မျိုးမွေးမြူထုတ်လုပ်ခြင်း၊ နံပါတ်(၃)က အခြေခံမျိုးစေ့ထုတ်လုပ်ခြင်း၊ နံပါတ်(၄)က မျိုးသန့်ထုတ်လုပ်ခြင်း၊ နံပါတ်(၅)က စီးပွားဖြစ်မျိုးထုတ်လုပ်ခြင်းဆိုပြီးတော့ မျိုးစေ့ငါးမျိုး စနစ်တကျအဆင့်အလိုက်ဆောင်ရွက်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရစိုက်ကွင်းများကို ဗဟိုပြုအခြေခံပြီး Public Private Partnership System ဖြင့် စနစ်တကျပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ Seed Project Committee ဖွဲ့စည်းပြီး လက်တွေ့တိုးမြှင့်ဆောင်ရွက်ဖို့သင့်ပါကြောင်း၊ အဆိုရှင်ရဲ့အဆိုကို အထူးထောက်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို လေးစားတန်ဖိုးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ဒီနေ့ အစည်းအဝေးသို့ ကြွရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဝန်ကြီးနှင့် လာရောက်လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ချောင်းဆုံမဲဆန္ဒ နယ်က ဦးအောင်ကြည်သိန်း တင်သွင်းထားတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆွေးနွေးရာတွင် ရှင်းပြနိုင်ရန်အတွက် Power Point အသုံး

ပြုခွင့်ပေးပါခင်ဗျား။ ဒီနေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ အဆိုအနေနဲ့ ပထမတစ်ခုက မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီးတော့ နောက်တစ်ခုကတော့ လက်တွေ့ကျကျအကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ မျိုးစေ့အနေနဲ့ဆိုရင်တော့ အပြည်ပြည်ဆိုင်ရာ မျိုးစေ့စစ်ဆေးရေးအဖွဲ့ (International Seed Testing Association) ကနေပြီးတော့ သတ်မှတ်ထားတဲ့ မျိုးစေ့အဆင့်တွေ ဖြစ်ပါတယ်။ ဒီလိုမျိုးစေ့တွေကိုပဲ လက်ရှိစိုက်ပျိုးရေးဌာနရဲ့ ခာတ်ခွဲခန်းရဲ့ ဌာန ဒီစိုက်ပျိုးရေးဌာနရဲ့ ဌာနတစ်ခုကနေပြီးတော့ မျိုးစေ့တွေ နမူနာပြထားတာဖြစ်ပါတယ်။

ကျွန်တော်တို့ မနှစ်တုန်းက ၂၀၁၈ ခုနှစ်၊ ယခု ၂၀၁၉ ခုနှစ်မှာလည်း မျိုးစေ့ပြပွဲတွေ နေပြည်တော်မှာ လုပ်သွားတာကိုတော့ ကျွန်တော်တို့သွားပြီးတော့ လေ့လာကြည့်ဖြစ်ပါတယ်။ ကုမ္ပဏီတွေတော်တော်များများကလည်း အဲဒီမှာ မျိုးစေ့တွေကို ရောင်းတာတွေ့ရပါတယ်။ တစ်ခုရှိတာကတော့ တောင်သူလယ်သမားတွေဆီကို ဒီလိုမျိုးစေ့တွေ မြန်မြန်ဆန်ဆန်ရောက်ရှိဖို့တော့ ကြိုးစားဆောင်ရွက်ရအုံးမှာ ဖြစ်ပါတယ်။ မျိုးစေ့တွေ အဲဒီလို အချိန်မီမရောက်ရှိဘူးဆိုရင် လယ်သမားတွေက ကိုယ့်ရဲ့မျိုးကိုကိုယ်သန့်စင်ရပါတယ်။ အဲဒီအခါကျရင် ဒါကတော့ ဆားရေစိမ်တဲ့နည်းနဲ့ ဒီအဖျင်းတွေကို ထုတ်တာပါ။ မျက်သီးတွေကိုထုတ်တဲ့ ကိုယ့်ရဲ့မျိုးကိုကိုယ်လုပ်တဲ့လုပ်ငန်းခွင်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့က မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်တဲ့အပြင်ကို လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ ကျန်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်မှာ စိုက်ပျိုးရေးဆိုင်ရာခာတ်ခွဲခန်းတွေကို ဦးစားပေး တည်ဆောက်သွားဖို့လည်းလိုအပ်ပါတယ်။ ဝန်ထမ်းတွေကို လေ့ကျင့်ပေးဖို့၊ သင်တန်းတွေပေးဖို့လည်း လိုအပ်ပါတယ်။ ဥပမာ-စပါးအနေနဲ့ပြောမယ်ဆိုရင် ကျွန်တော်တို့ စပါးစေ့တစ်စေ့ဟာ အစေ့တွင်းအစာကို ၁၄ ရက်ပဲ ခံပါတယ်။ ၁၄ ရက်ပြီးသွားရင် မြေကြီးကနေပြီး အာဟာရကိုစားသုံးရပါတယ်။ အဲဒီအခါကျတော့ မြေကြီးရဲ့အရည်အသွေး အဆင့်အတန်းကိုသိရှိဖို့ လိုပါတယ်။

စိုက်ပျိုးတဲ့နေရာမှာ စပါးနဲ့မြေကြီးရဲ့အရည်အသွေးကို ချင့်ချိန်ပြီးတော့ မြေဩဇာကို သုံးစွဲဖို့ လိုအပ်ပါတယ်။ အဲဒီအခါကျရင်လည်း မြေဩဇာရဲ့အရည်အသွေးကို သိရှိဖို့လိုအပ်ပြန်ပါတယ်။ မြေကြီးပေါ်မူတည်ပြီးတော့ သီးနှံရွေးချယ်ခြင်းနှင့် သီးနှံနှင့်ကိုက်တဲ့မြေကြီးကို ရွေးချယ်ခြင်းဖြစ်ကာ မဖြစ်မနေလိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဝယ်ယူသုံးစွဲတဲ့မြေဩဇာကို အရည်အသွေး ပြည့်/မပြည့်စစ်ဆေးနိုင်တာဟာ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကို မြှင့်တင်ပေးတာဖြစ်ပြီးတော့ အရည်အသွေးမပြည့်ဝတဲ့ မြေဩဇာတွေ ရောင်းချခြင်းကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခာတ်ခွဲခြင်းလုပ်ငန်းတွေကို လုပ်တဲ့အခါကျရင် ရလာမည့်

အကျိုးကျေးဇူးတွေဖြစ်ပါတယ်။ ဒီနေရာမှာ မြေဩဇာကလည်းကောင်း၊ ဓာတ်မြေဩဇာကလည်း အရည်အသွေးပြည့်မယ်။ ရေကလည်း စိုက်ပျိုးဖို့အတွက် အရည်အသွေးပြည့်ခဲ့တယ်ဆိုရင်တောင်၊ စိမ်းလန်းဆိုပြည်တဲ့စပါးခင်းတွေရရှိခဲ့မယ်ဆိုရင်တောင် သီးနှံဖျက်ပိုးရဲ့ အခန်းကဏ္ဍကလည်းရှိပါသေးတယ်။

ဒါကြောင့် ကျွန်တော်က အဓိက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ဓာတ်ခွဲခန်းတွေ လိုအပ်တယ်ဆိုတဲ့ဟာကိုလည်း ဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါကတော့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းတစ်ခုကို သွားရောက်လေ့လာထားစဉ်က ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာ ရာဘာ၊ စပါး၊ ကြက်မောက်သီး၊ ကျွဲကော စတဲ့သီးနှံတွေ ပေါ်များတာကို ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးတွေလည်းသိမှာပါ။ မွန်ပြည်နယ်ရောက်ဖူးရင်။ ဒီနေရာမှာ မွန်ပြည်နယ်မှာတော့ အခုလို စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းက အခုအချိန်ထိမရှိသေးပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့လည်း အားပေးဆောင်ရွက်ပေးဖို့ လိုပါတယ်။ အခု ကျွန်တော်တို့ ဆွေးနွေးသွားတဲ့ဆီမှာတောင် အဆိုရှင်ရဲ့မျိုးစေ့ကဏ္ဍအပြင်ကို ထုတ်လုပ်မှုအပိုင်းမှာ မြေကြီး၊ ဓာတ်မြေဩဇာ၊ ရေ၊ ပိုးမွှား၊ ရာသီဥတုနှင့်ပတ်သက်ပြီးတော့ အားလုံးပြည့်စုံပြီးတော့ အသီးအနှံထွက်လာရင် ဒါဟာ ထုတ်လုပ်မှုအပိုင်းပဲ ဖြစ်သေးတာဖြစ်ပြီးတော့ ဈေးကွက်နှင့်ပတ်သက်ပြီးတော့ ပြန်ပြီးတော့ ချိတ်ဆက်ဖို့ လိုပါတယ်။

ထုတ်လုပ်မှုအပိုင်းကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လုပ်နိုင်ပေမယ့် ဈေးကွက်နဲ့ပတ်သက်ရင်တော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကတာဝန်ယူရတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်းမှာ အဆင်ပြေချောမွေ့မှသာလျှင် ဈေးကွက်ရှာရတာ မျက်နှာပန်းလှမှာဖြစ်သလိုပဲ ဈေးကွက်ရှိမှလည်း ထုတ်လုပ်မှုဘက်မှာ ကျွန်တော်တို့က စိတ်လုံခြုံစွာနှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အောက်မှာရှိတဲ့ ဦးစီးဌာနတွေမှာ။ ဒီဦးစီးဌာနတွေအားလုံးဟာ မြို့နယ်တိုင်းမှာရှိပါတယ်။ ဒီဦးစီးဌာနတွေ တစ်ခုချင်းအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းဆောင်တာတွေကို ပြန်လည်သုံးသပ် ပြီးသွားရင် ဒီဝန်ကြီးဌာနတစ်ခုအောက်မှာပဲရှိတဲ့ ဦးစီးဌာနတွေအကုန်လုံး တွဲပြီးတဲ့အခါကျရင် ဒီလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဖွဲ့စုံပြန်ပြီးတော့ သုံးသပ်ပြီးတဲ့အခါကျတော့ ညှိနှိုင်းပြီးရင် လယ်သမားတွေနဲ့တွေ့ဆုံ အကြံပေး အဲဒီလို လက်တွေ့ကျကျဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ လယ်ယာကဏ္ဍမဖွံ့ဖြိုး

မတိုးတက်စရာ မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိလိုအပ်နေတာက အခုလို တွေ့ဆုံမှုတွေ မရှိတာလည်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဦးစီးဌာနတွေအသီးသီးက ညှိနှိုင်းပေါင်းစပ်ပြီးတော့ ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းရင်းနဲ့အဆိုကို အကြံပြုထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ ချောင်းဆုံမဲဆန္ဒနယ်က ဦးအောင်ကြည်သိန်း တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေပြုပြီးတော့ စီးပွားရေးမဏ္ဍိုင်ကို တည်ဆောက်နေတယ်ဆိုတာ အခုတက်ရောက်လာသူများအားလုံး သိရှိလက်ခံထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံအတွင်းမှာ ပြည်တွင်းစားသုံးမှုပိုလျှံလျှင် ပြည်ပသို့ တင်ပို့မှုစတဲ့အချက်ကိုလည်း အလေးအနက်စဉ်းစားရပါမယ်။ ဒီလိုစဉ်းစားရတဲ့အခါ ဆန်စပါးတစ်ခုတည်းသာမကဘဲ ပြည်တွင်းမှာ စိုက်ပျိုးနေတဲ့သီးနှံများနှင့် မျိုးစေ့အရည်အသွေးမြင့်မားစေရေးအတွက်လည်း အဓိကထားထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုစဉ်းစားမယ်ဆိုရင် နိုင်ငံအတွင်းမှာ စိုက်ပျိုးနေတဲ့သီးနှံများကို သီးနှံအလိုက် အုပ်စုခွဲမယ်ဆိုပါရင် နှံစားသီးနှံများအုပ်စု၊ ဆီထွက်သီးနှံများအုပ်စု၊ ပဲမျိုးစုံသီးနှံများအုပ်စု၊ စက်မှုကုန်ကြမ်းသီးနှံများအုပ်စု၊ ဆေးဘက်ဝင်သီးနှံများအုပ်စု၊ စားဖိုဆောင်သီးနှံများအုပ်စုနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံအုပ်စုဆိုပြီးတော့ ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ဒီလိုများပြားလှတဲ့ သီးနှံအုပ်စုများထဲမှာ အရေးကြီးတဲ့သီးနှံများကို ဦးစားပေးရွေးချယ်ဆောင်ရွက်နေရပြီး နိုင်ငံရဲ့လိုအပ်ချက်နှင့် ဆောင်ရွက်ပေးနိုင်တဲ့ပမာဏ လွန်စွာမမျှမတဖြစ်နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ စိုက်ပျိုးရေးသုတေသနဌာနဟာ ရေဆင်းမှာတစ်ခုတည်းသာရှိပြီးတော့ ၎င်းမှ နိုင်ငံတော်အတွက်လိုအပ်တဲ့မျိုးစေ့များရဲ့အခြေခံဖြစ်တဲ့ Rather Seed, Foundation Seed စတဲ့ ထုတ်လုပ်ပေးပြီးတော့ စိုက်ပျိုးရေးမှာ ဌာနက Register Seed, Stratify Seed များကိုလည်း ထုတ်လုပ်ပေးနေတဲ့အတွက် လုပ်ငန်းပမာဏရဲ့လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးရန်အခက်အခဲများရှိနေတာကိုလည်း ကွင်းဆင်းကြည့်ပါက တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သီးနှံအုပ်စု

များအတွင်းမှာ ပါဝင်တဲ့ သီးနှံများအားလုံးဟာ မျိုးသန့်ထုတ်လုပ်ပေးရန်ဆိုတဲ့အချက်ကိုလည်း မည်သို့မျှ ထည့်သွင်းစဉ်းစားနိုင်မည်မဟုတ်ပါ။ ထို့အတူပဲ စက်မှုကုန်ကြမ်းသီးနှံဝင် ဝါ၊ ကြံ၊ လျှော်၊ ရာဘာ၊ ဆီအုန်းစတဲ့ သီးနှံများအတွက်လည်း မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးရန်အတွက် တာဝန်ယူရမှာဖြစ်ပါတယ်။ စက်မှုကုန်ကြမ်းနှင့် နှစ်ရှည်သီးပင်များအတွက်လည်း သုတေသနပြုမျိုးစေ့ထုတ်လုပ်ပေးရမယ့်လုပ်ငန်းမှာလည်းပဲ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ လွန်စွာကြီးမားတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် နှံစားသီးနှံအုပ်စုများထဲမှ နိုင်ငံတော်ရဲ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ ဆန်စပါးကို ပင်မစီးပွားရေးလုပ်ငန်းထုတ်ကုန်အဖြစ် ပြည်ပကိုတင်ပို့နေတာဖြစ်ပြီးတော့ ယခင်က အရှေ့တောင်အာရှမှာ ဆန်စပါးတင်ပို့မှုဟာ ထိပ်ဆုံးမှာရှိခဲ့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် ဆန်တင်ပို့မှုလျော့ကျခဲ့ရပါတယ်။ ဒါပေမဲ့ ယခုနှစ်မှာတော့ ဆန်တန်ချိန် ၃.၂ သန်း နိုင်ငံခြားကိုတင်ပို့နိုင်တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ယခင်ကာလများမှာ အရည်အသွေးမြင့်တဲ့ ဆန်စပါးမျိုးကို ပြည်တွင်းမှာရွေးချယ်ခြင်း၊ ပြည်ပမှတင်သွင်း၍ ဒေသနှင့်ကိုက်ညီမှုရှိတဲ့ စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးခဲ့ကြပေမဲ့ ပြည်တွင်းဝယ်ယူတဲ့ဈေးနှုန်း၊ အရည်အသွေးမြင့်စပါးများရဲ့အထွက်နှုန်း၊ ကြိတ်ခွဲမယ့်စက်များရဲ့အရည်အသွေး၊ ကုန်သွယ်ဖက်နိုင်ငံများရဲ့ချို့တဲ့မှုတို့ကြောင့် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု၊ အောင်မြင်မှုမရခဲ့တာကိုလည်းပဲ တွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံရဲ့ပင်ရင်းမျိုးဖြစ်တဲ့ ပေါ်ဆန်းမွှေးကို အရည်အသွေးမြင့်ဆန်အဖြစ် နိုင်ငံခြားတင်ပို့ရန် ကြိုးပမ်းနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ပေါ်ဆန်းမွှေးဟာ အရည်အသွေးမြင့်သော်လည်း နိုင်ငံတကာကြိုက်နှစ်သက်တဲ့ Long Frame ဆန်ပုံသဏ္ဌာန်နှင့် ကွာခြားနေပါတယ်။ ဒါကြောင့် နိုင်ငံတကာက ကြိုက်နှစ်သက်တဲ့ Long Frame စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ဦးရွက်ပြုပြီး မျိုးကောင်းမျိုးသန့်များ ပြန်လည်ထုတ်လုပ်ဖြန့်ဖြူးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ဒေသမှာဖြစ်တဲ့ ရှမ်းပြည်နယ်မှာလည်းပဲ အစေ့ထုတ်ပြောင်းများကို တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်ရာမှာ ပြည်ပကရောင်းချတဲ့မျိုးစေ့များကိုသာ အားကိုး၍ ဈေးကြီးပေးဝယ်ယူပြီး စိုက်ပျိုးနေကြရပြီး ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်ကောင်း၊ ဈေးကောင်းရတဲ့ မျိုးစေ့များကိုလည်း ဈေးနှုန်းချိုသာပြီးလုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးတာကိုလည်း နှစ်စဉ်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။

သီးနှံပေါ်ချိန်၊ ရိတ်သိမ်းပြီးချိန်များမှာတော့ ဈေးကွက်ကလည်းမရှိ၊ ဈေးကောင်းမရတာကိုလည်း နှစ်စဉ်ကြုံတွေ့နေရဆဲပဲ ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအုပ်စုဝင်များကိုလေ့လာကြည့်မယ်ဆိုရင် နေ့စဉ်စားသုံးနေတဲ့သီးနှံအမယ်များဟာ လွန်စွာစုံလင်လှတယ်ဆိုတာ တွေ့ရ

မှာဖြစ်ပါတယ်။ ဒီလိုစုံလင်လှတဲ့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်း သေချာ လေ့လာကြည့်မယ်ဆိုရင် သစ်သီးကတော့ သစ်သီးအတိုင်း နိုင်ငံခြားမှ တင်သွင်းတာဖြစ်ပြီးတော့ အချို့သောဟင်းသီးဟင်းရွက်များရဲ့မျိုးစေ့များကိုတော့ နိုင်ငံခြားမှတိုက်ရိုက်တင်သွင်းရောင်းချနေတာ ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းလာတဲ့မျိုးတွေဟာ အများစုဟာ Hybrid စပ်မျိုးတွေ ဖြစ်ပြီးတော့ မျိုးခံပြီး နောက်ရာသီများမှာ စိုက်ပျိုးရန်အတွက် သင့်တော်သောမျိုးများမဟုတ်ပါ။ ဒါကြောင့်မို့ ဟင်းသီးဟင်းရွက်ကဏ္ဍမျိုးစေ့ထုတ်လုပ်မှုကိုလည်း ပြည်တွင်းမှာ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍအတွက် အဓိက အခြေခံအကျဆုံးလိုအပ်ချက်ဟာ မျိုးစေ့ဆိုတာအားလုံးလက်ခံရမယ့်အချက်ဖြစ်ပါတယ်။ သီးနှံ အထွက်ဖွံ့ဖြိုးတိုးတက်စေလိုလျှင် အခြေခံအကျဆုံးဖြစ်တဲ့ မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစား ပေးတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုအမြင်ကျယ်ကျယ်ထားပြီး မဆောင်ရွက်ရင် ကျန်တဲ့သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးမည်မျှပင်ကောင်းနေပါစေ။ အခြေခံဗီဇ မကောင်းတဲ့မျိုးစေ့ကြောင့် အထွက်နှုန်းကိုမျှော်မှန်းသလောက် ရရှိနိုင်မှာ မဟုတ်ပါ။ ဆွေးနွေးတဲ့ အတိုင်း မြောက်မြားလှတဲ့သီးနှံအုပ်စုတွေကြားမှာ ယခုလက်ရှိသုတေသနလုပ်ငန်းပမာဏနှင့် ဆောင်ရွက်ရန်ပြည့်စုံလုံလောက်မှုမရှိနိုင်ဘူးလို့ သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှတဲ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရေးအား အလေးထားပေးရန်၊ ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း အဆိုရှင်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ချောင်းဆုံမဲဆန္ဒနယ်က ဦးအောင်ကြည်သိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအားထားတဲ့နိုင်ငံဖြစ်တာနှင့် အညီ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုသာ

အသက်မွေးဝမ်းကျောင်းအဖြစ် အားထားဆောင်ရွက်နေရပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခြင်း၊ သီးနှံဈေးကွက်ပျက်ခြင်းတို့ကြောင့် တွက်ခြေမကိုက်တော့ဘဲ အရှုံးနှင့်သာ ရင်ဆိုင်နေကြရပါတယ်။ စပါးသီးနှံဟာ မြန်မာနိုင်ငံအတွက် အသက်သွေးကြောသဖွယ်အရေးကြီးတဲ့သီးနှံတစ်ခု ဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှုသာမက ပြည်ပအဓိကပို့ကုန်အဖြစ်ပါ အစဉ်တစိုက်အားကိုးအားထားပြု၍ စိုက်ပျိုးထုတ်လုပ်နေသော သီးနှံတစ်ခုဖြစ်လို့ တောင်ပေါ်မြေပြန့်မကျန် ဆန်စပါးကို အဓိကထားစိုက်ပျိုးနေကြပါတယ်။ မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၅ သန်းကျော်၊ နွေစပါးစိုက်ဧက နှစ်သန်းကျော် စုစုပေါင်း ၁၇ သန်းကျော် စိုက်ပျိုးလျက်ရှိပါတယ်။ မိုးစပါးမှာ တစ်ဧက ၇၄ တင်းထွက်ပြီး နွေစပါးမှာ ၉၃ တင်းခန့် ပျမ်းမျှထွက်ရှိပါတယ်။ တစ်နိုင်ငံလုံးစပါးအထွက် စုစုပေါင်းတင်း ၁၂၈၃ သန်းကျော်ထွက်ရှိကြောင်း သိရှိရပါတယ်။ အခြားအိမ်နီးချင်းစိုက်ပျိုးနိုင်ငံနှင့် ယှဉ်ကြည့်မယ်ဆိုရင်တော့ စပါးအထွက်နှုန်းနည်းနေသေးတာကို တွေ့ရှိရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ခေတ်မီစိုက်ပျိုးနည်းပညာများ ကျင့်သုံးမှုအားနည်းခြင်း၊ အရည်အသွေးမီသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူ အများစုမှာ သမားရိုးကျစိုက်ပျိုးနည်းစနစ်ဖြင့်သာ စိုက်ပျိုးထုတ်လုပ်နေခြင်း၊ အရည်အသွေးကောင်းတဲ့မျိုးစေ့များ၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်မှုအားနည်းခြင်းစတဲ့ အကြောင်းအရာများဟာ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်းရဲ့ အကြောင်းတရားများဖြစ်ပါတယ်။ မျိုးစေ့များ၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်မှုအားနည်းခြင်းဟာ ပိုမိုပြီးအဓိကကျပါတယ်။ မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များအသုံးမပြုနိုင်ပါက မည်သို့ပင်ဆောင်ရွက်နိုင်ပါစေ။ အရည်အသွေးရော၊ အရည်အချင်းပါ ထိခိုက်ပျက်စီးစေပါတယ်။ မြန်မာနိုင်ငံမှာ တောင်သူလယ်သမားအများစုဟာ ဆန်စပါးနှင့်ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြပြီး အခြားသီးနှံများနှင့် ဟင်းသီးဟင်းရွက်များပါ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာကြပါတယ်။ မျိုးစေ့လိုအပ်ချက်ကလည်း အင်မတန်မှကြီးမားပါတယ်။ စပါးနှင့်ပဲမျိုးစုံကို ပြည်တွင်း၌ မျိုးထုတ်လုပ်သော်လည်း ပြည့်စုံလုံလောက်မှုမရှိသေးပါဘူး။ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ဖရဲ၊ သခွားမွှေး၊ ဟင်းသီးဟင်းရွက်မျိုးများကတော့ ပြည်ပမျိုးတွေကိုပဲ အားထားပြီးတော့ သုံးစွဲနေရတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဆန်စပါးကို အများအားဖြင့် စိုက်ပျိုးကြတဲ့အတွက် စပါးမျိုးကောင်းမျိုးသန့်ကို လုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးဖို့ အထူးလိုအပ်ပါတယ်။ စပါးမျိုးဗီဇကွဲပြောင်း ၃၀၀၀ ကျော်ရှိတယ်လို့လဲ သိရပါတယ်။ ဧည့်မထအုပ်စုမှာ စပါးမျိုးပေါင်း ၃၀၀

ကျော် ခန့်ရှိပြီး စိုက်ပျိုးရေးဌာနအနေနဲ့ စပ်မျိုးစပါးရှစ်မျိုး၊ အထွက်ကောင်းမျိုးငါးမျိုး၊ အဆင့်မြင့်မျိုး ၁၅ မျိုး၊ ဒေသစပါးမျိုး ၃၃ မျိုးသတ်မှတ်ထားကြောင်း သိရှိရပါတယ်။ ထိုင်းနိုင်ငံမှာတော့ ဟုန်မလိ ဆန်မွှေးဟာ အလွန်ပဲနာမည်ကြီးပါတယ်။ ပြည်ပကိုတင်ပို့တဲ့နေရာမှာ ဟုန်မလိ ဆန်မွှေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၇၃ ဒေါ်လာအထိ ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း ပေါ်ဆန်းမွှေး၊ ရွှေဘို ပေါ်ဆန်း၊ လုံးသွယ်မွှေး၊ မာလာမွှေးဆန်များဟာ အရည်အသွေးကောင်းမွန်တဲ့ဆန်များဖြစ်ပါတယ်။ တစ်ချိန်က ကချင်ပြည်နယ် ဝိုင်းမော်က ခပ်ချိုဆန်ဟာ နာမည်ကြီးခဲ့ပါတယ်။ အဲဒီလိုအရည်အသွေး ကောင်းမွန်တဲ့ ဒေသမျိုးများကိုလည်း ပိုမိုကောင်းမွန်အောင်၊ အထွက်နှုန်းတိုးတက်အောင် နည်းပညာ များနှင့်ဆောင်ရွက်ပြီးတော့ တောင်သူများကို ဖြန့်ဖြူးပေးစေလိုပါတယ်။

စပါးစိုက်ပျိုးထုတ်လုပ်မှုဟာ အထွက်နှုန်းမြင့်မားစွာရရှိရေးအတွက် ဆောင်ရွက်ရန် အခြေခံ များ ချမှတ်ထားတဲ့လုပ်ငန်းစဉ်များရှိတဲ့အနက် မျိုးစေ့အရည်အသွေးကောင်းမွန်ရေးဟာ အဓိကကဏ္ဍ မှာပါဝင်နေတယ်ဆိုတာကို ဒီကနေ့ စိုက်ပျိုးရေးပညာရှင်များရော၊ စိုက်ပျိုးထုတ်လုပ်နေတဲ့ လယ်သမားများအားလုံး လက်ခံထားတဲ့အချက်ဖြစ်ပါတယ်။ စပါးတစ်ဧက အထွက်နှုန်းပေါ် လွှမ်းမိုးမှု များအနက် မျိုးစေ့ကြောင့် စပါးပိုမိုထွက်ရှိတဲ့ ပမာဏဟာ ၅ ရာခိုင်နှုန်းကနေပြီးတော့ ၂၀ ရာခိုင်နှုန်းအထိရှိတယ်ဆိုတာ ပညာရှင်များအားလုံး လက်ခံထားကြပါတယ်။ အရည်အသွေးမြင့်မား ကောင်းမွန်သော မျိုးစေ့ထုတ်လုပ်မှုမှာ တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ရနိုင်သော လုပ်ငန်းစဉ်မဟုတ်ပါဘူး။ လက်တွေ့ကျကျဆောင်ရွက်ရာမှာ စိုက်ပျိုးရေးသုတေသနဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်ဆက်သွယ်ပြီး အထောက်အကူပြုနေသောဌာနများ၊ တက္ကသိုလ်မှ ပညာရှင်များ၊ စီးပွားရေးပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ တောင်သူလယ်သမားများနှင့် ပူးပေါင်းပြီး တော့ ယင်းလုပ်ငန်းမှာ စိတ်ပါဝင်စားသူများနှင့် ပြည်တွင်းတွင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်ပမှ မျိုးစေ့နှင့် အတွေ့အကြုံရင့်သန်သော စပါးမွေးမြူရေးပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

ဆောင်ရွက်ရာမှာလည်း လိုအပ်တဲ့ဝန်ထမ်းအင်အား၊ လိုအပ်တဲ့ပစ္စည်းကိရိယာနှင့် ရန်ပုံငွေ အင်အားပြည့်စုံလုံလောက်မှသာ လုပ်ငန်းတွင်ကျယ်ပိုမိုထိရောက်မှာ ဖြစ်ပါတယ်။ မျိုးစေ့ထုတ်လုပ်မှု မှာ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ Breeder Seed စတင်မွေးမြူဆောင်ရွက်ပြီးတော့ ရရှိလာတဲ့ Breeder Seed မှ ဖောင်ဒေးရှင်းစေ့အဖြစ်သို့ Breeder များမှ စိုက်ပျိုးမွေးမြူဆောင်ရွက် ရပါတယ်။ အဲဒီ နှစ်ချက်က မျိုးကောင်း၊ မျိုးသန့်ရရှိရေးအတွက် အလွန်အရေးကြီးတဲ့အတွက်ကြောင့်

အဲဒီ Breeder နှင့် ဖောင်ဒေးရှင်းများမှာ မွေးမြူတဲ့စနစ်ကို စနစ်တကျပံ့ပိုးကူညီပြီးတော့ နိုင်ငံအတွင်း စိုက်ပျိုးချိန်မှာ လိုအပ်တဲ့ Satisfied Seed များရရှိရေးကို တွက်ချက်ပြီးတော့ မွေးမြူရန်လိုအပ် ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနရဲ့ စိုက်ပျိုးရေးခြံများမှာ စိုက်ပျိုးရေးပညာရှင်ကြီးများ ကြီးကြပ်မှု အောက်မှာ Foundation Seed များကို ပြန်လည်စိုက်ပျိုးစေခြင်းဖြင့် Registration Seed ကိုရရှိမှာ ဖြစ်ပါတယ်။ ရရှိလာသော Registration Seed များကို စိုက်ပျိုးခြင်းနှင့် Satisfied Seed များကို ရရှိမှာဖြစ်ပြီး တောင်သူ လက်ဝယ်ကို အရောက်ဖြန့်ဖြူးပေးရမှာ ဖြစ်ပါတယ်။ Satisfied Seed များကို သုံးနှစ်ထက်မပိုစေဘဲ အသုံးပြုခြင်းဖြင့် သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းပေးရမှာ ဖြစ်ပါတယ်။

စိုက်ဧက ၁၀၀၀၀ ခန့်ရှိ မြို့နယ်တစ်ခုအတွက် Registration Seed ကို ဧက ၅၀၀ အထိ နှစ်စဉ် မျိုးထုတ်ပေးမယ်ဆိုရင် တောင်သူလယ်သမားများအတွက် CS1၊ CS2၊ CS3 အထိ စိုက်ပျိုးနိုင် မှာဖြစ်တဲ့အတွက် စပါးထွက်နှုန်းရော အရည်အသွေးပါ ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မျိုးစေ့လုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ် လုပ်ရေးဟာ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ပါ၍ ချောင်းဆုံမဲဆန္ဒနယ်က ဦးအောင်ကြည်သိန်းရဲ့အဆိုကို အလေး အနက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းရဲ့ နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ပင်မအရင်းအမြစ်တစ်ခုဖြစ်တဲ့ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့ကျကျအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုနဲ့နှင့်စပ်လျဉ်းပြီး ပြန်လည်ဆွေးနွေးတင်ပြသွားမှာ

ဖြစ်ပါတယ်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်တဲ့ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လက်တွေ့ကျကျအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ လွှတ်တော် ကိုယ်စားလှယ်ကြီးများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အထဲမှာလည်း မြန်မာ နိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုသမိုင်းမှသည် တောင်ယာစပါး၊ စပ်မျိုးစပါးအပါအဝင် Seed flow ကအစ အားလုံးကိုလွှမ်းခြုံဆွေးနွေးသွားတဲ့အတွက် ဗဟုသုတလည်း အများကြီးရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာ ကဏ္ဍမူဝါဒအနေနဲ့ လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ သီးနှံ၊ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးလုပ်ငန်းဟာ မိမိတို့ရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံကျတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်တဲ့အလျောက် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနရဲ့ စီမံအကောင်အထည်ဖော်မှု အခြေအနေတွေကို ဦးစွာ ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးမှာ အရေးပါတဲ့သော့ချက်တစ်ရပ်ဖြစ်တဲ့ မျိုးစေ့ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မျိုးစေ့ဆိုင်ရာအမျိုးသားမူဝါဒကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှာ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။ အရည်အသွေးကောင်း သီးနှံမျိုးစေ့တွေ စဉ်ဆက်မပြတ် ဖြစ်ထွန်းထုတ်လုပ်ပေးနိုင်တဲ့ စနစ်ကျပြီးမဟာဗျူဟာမြောက်တဲ့ နည်းလမ်းတွေနဲ့ ရေရှည်တည်တံ့ ခိုင်မြဲသောမျိုးစေ့လုပ်ငန်းတစ်ရပ် တည်ဆောက်နိုင်ရေးအပေါ် ကူညီထောက်ပံ့ပေးနိုင်ဖို့အတွက်နဲ့ စိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအချက်များဖြစ်တဲ့ မျိုးစေ့ထုတ်လုပ် ခြင်း၊ ထောက်ခံချက်ပေးခြင်းနှင့် ရောင်းဝယ်ရေးနည်းလမ်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တို့ကို အထောက်အကူပေးနိုင်ရန် ရည်ရွယ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့ မျိုးစေ့လုပ်ငန်းကို စီးပွားဖြစ်စနစ်တကျဆောင်ရွက်ဖို့ ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့သုတေသနပြုခြင်းတို့မှာ ပါဝင်လာစေရေးတို့ကို ဦးစားပေးအားပေးနိုင်ဖို့ မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်စတဲ့ ရည်ရွယ်ချက် တွေနဲ့ မျိုးစေ့ဥပဒေကို ၂၀၁၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မျိုးစေ့ဥပဒေကို

ပြင်ဆင်တဲ့ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီကို ဆက်စပ်ဝန်ကြီးဌာနတွေမှာ တာဝန်ရှိသူများပါဝင်တဲ့ အဖွဲ့ဝင်များနှင့်ဖွဲ့စည်းထားပြီး သီးနှံမျိုးစေ့များ၊ မျိုးစေ့လုပ်ငန်းလိုင်စင်များကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီရဲ့စစ်ဆေးချက်နဲ့ အသိအမှတ်ပြုလက်မှတ်များ၊ လိုင်စင်များထုတ်ပေးလျက်ရှိပါတယ်။ အခုအချိန်မှာ အစိုးရဌာန အဖွဲ့အစည်း၊ ကော်မတီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို သီးနှံ ၆၂ မျိုးရဲ့ သီးနှံမျိုးစေ့ ၉၆၃ မျိုးကို မျိုးစေ့အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့တဲ့အပြင် မျိုးစေ့လုပ်ငန်းလိုင်စင်အနေနဲ့ လိုင်စင်ပေါင်း ၂၅၄ ခုကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ မျိုးစေ့ဥပဒေနဲ့မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို သိရှိလိုက်နာမှုအားကောင်းစေဖို့အတွက် Pre-control၊ Post Control လုပ်ငန်းစဉ်တွေကိုလည်းပဲ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မျိုးစေ့စစ်ဆေးရေးသင်တန်းများကိုလည်းပဲ မျိုးစေ့ လုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီလုပ်ငန်းများကိုလည်း သင်တန်းများပို့ချပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ရဲ့ရန်ပုံငွေ အားအပြင် နိုင်ငံတကာအကူအညီအထောက်အပံ့များနှင့်လည်း စီမံကိန်းများပူးပေါင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံအထောက်အပံ့၊ ဂျပန်နိုင်ငံ JICA ချေးငွေ၊ World Bank ချေးငွေ၊ ကိုရီးယားနိုင်ငံအထောက်အပံ့တို့နဲ့ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်းတင်ပြအပ်ပါတယ်။ မျိုးကောင်း မျိုးစေ့များ တောင်သူလယ်သမားများ တိုးမြှင့်သုံးစွဲလာနိုင် တာနဲ့အမျှ အထွက်နှုန်းနှင့်အရည်အသွေးကောင်း သီးနှံများတိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်မှာ ဖြစ်တဲ့အလျောက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မျိုးစေ့အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းတွေကိုလည်းပဲ ပြည်ပအဖွဲ့အစည်းရဲ့အကူအညီများနဲ့ မျိုးအရည်အသွေး မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရည်အသွေးကောင်းမျိုးစေ့များ စနစ်တကျသိုလှောင် ထိန်းသိမ်းပြီး လိုအပ်တဲ့တောင်သူတွေကို ဖြန့်ဖြူးနိုင်ဖို့အတွက် World Bank အကူအညီနဲ့ အအေးခန်းမျိုးစေ့သိုလှောင်ရုံများကိုလည်း မိမိတို့စွမ်းအားရှိသလောက် ဆောက်လုပ်ထားပါတယ်။

ဒါ့အပြင် မျိုးစေ့ခြံတွေရဲ့ မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး အတွက် Post Harvest Infarstructure တွေဖြစ်တဲ့ Combine Harvester ၊ Processing Plant ၊ Dryer နဲ့ သိုလှောင်ရုံတွေကိုလည်းပဲ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အစေ့၊ အမြစ် တွေလုပ်ကိုင်နေရတဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မျိုးစေ့ထုတ်လုပ်ငန်းများ ပိုမို

အောင်မြင်အားကောင်းလာစေရေး၊ အားလုံးပူးပေါင်းပါဝင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရေး၊ နိုင်ငံတကာဈေးကွက်မှာ အရည်အသွေးကောင်း မျိုးစေ့များရရှိစေရေးတို့ကိုရည်ရွယ်ပြီး International Finance Corporation(IFC) အကူအညီနဲ့ Myanmar Seed Protal ကိုလည်းပဲ ၁၁-၁၂-၂၀၁၈ ရက်နေ့မှာထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ထိုမှတစ်ဆင့်လည်းပဲ မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကိုပဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာခင်ကပဲ သီးနှံမျိုးစေ့နဲ့ပတ်သက်ပြီး ပြည်သူတစ်ရပ်လုံးအသိပညာ ရရှိဖို့ မျိုးစေ့လုပ်ငန်းကွင်းဆက်တစ်လျှောက် ဆက်စပ်လျက်ရှိတဲ့ ပါဝင်လုပ်ကိုင်နေတဲ့လုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများနဲ့ တောင်သူများ Awareness ဖြစ်စေခဲ့တဲ့ ၂၀၁၉ ခုနှစ်မျိုးစေ့ပြပွဲ Seed Fair ကို နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း လက်ရှိမြေပြင်အနေအထားမှာ တောင်သူလယ်သမားကြီးများ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ သုံးစွဲနိုင်ဖို့အတွက် စပါးသီးနှံသာမက အခြားအရေးကြီးသီးနှံဖြစ်တဲ့ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတို့ကိုလည်း ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်ထိုးဖောက်လာနိုင်သည်အထိ လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားရမယ့်အခြေအနေ ရှိနေဆဲဖြစ်ပါတယ်။

ထို့အတူပဲ ဝန်ထမ်းများရဲ့ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ မြှင့်တင်ပေးရေး(Human Resource Development)အပိုင်း အဆင့်မြင့်ဓာတ်ခွဲခန်းများအပါအဝင် အထောက်အကူပြုပစ္စည်းများ နိုင်ငံတကာအဆင့်အတန်းနှင့်အညီ မြှင့်တင်နိုင်ရေး(Infrastructure Development) ပိုင်း၊ သုတေသနပိုင်းများ စဉ်ဆက်မပြတ်စီမံဆောင်ရွက်သွားနိုင်ရေး(Research and Development) ပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာမှုတိုးတက်လာရေး(Private Sector Development Participation)အတွက်ကိုလည်းပဲ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဖို့ လိုအပ်ချက်ရှိနေဆဲအနေအထားလည်းဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပိုင်းမှာ အဓိကလက်နက်ကောင်းတစ်ခုဖြစ်တဲ့ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေတဲ့ကာလဖြစ်တဲ့အလျောက် အခုတင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်အစိုးရရဲ့ လယ်ယာကဏ္ဍတိုးတက်စေမှုကို ဦးတည်နေပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများကို အချိန်အဟုန်ကောင်းကောင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအပေါ် များစွာအထောက်အကူပြုရာရောက်ကြောင်းသုံးသပ်ရရှိတဲ့အတွက် လွှတ်တော်မှ အတည်ပြုပေးသင့်တဲ့အဆိုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးအောင်ကြည်မင်း(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒီအဆိုကိုတင်သွင်းစဉ်က အဆိုကိုထောက်ခံပေးပါသော လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ဆွေးနွေးခွင့်ပြုပေးပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလို ပါတယ်။ ဒီကနေ့မှာလည်း အဆိုကို ဆွေးနွေးပေးကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးဦး နဲ့ အဆိုကိုအတည်ပြုပေးသင့်ပါရန် ထောက်ခံသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့် အနေဖြင့် ဒီအဆိုကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင် ကလည်း အတည်ပြုပေးရန်ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးအောင်ကြည်သိန်း တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်(သောကြာနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီအချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ (၂၇.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw — U Win Thein Zaw




U Hla Kyaw — Dr Khin Si Thu




U Hla Kyaw — U Lagan Zal Gyone




Maj Genl Than Htut — Daw Tin Tin Yee




Maj Genl Than Htut — U One Hla




Maj Genl Than Htut — U Than Linn Linn

pyithu.hluttaw.mm



Maj Genl Than Htut



U Kyaw Soe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်